အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၇)


**အမျိုးသားညီလာခံ စုံညီအစည်းအဝေး**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအဖွဲ့ဝင်များ (အောက်ပုံ) နှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (အောက်ဆုံးပုံ) (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးအုပ်ချုပ်ရေးနှင့်တရားစီရင်ရေး အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ




**ရန်ကုန် ဇူလိုင် ၅**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ခုဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။**

# အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

## နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တည်ဆောက်ကာကွယ်နိုင်သည့် အရည်အသွေးပြည့်ဝရေး ပြုစုပျိုးထောင်

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်ဖွံ့ဖြိုးတိုးတက်မှု၌ အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့သည် အယူဝါဒရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြချက်အမျိုးမျိုးကိုဗန်းပြပြီး ၎င်းတို့၏ အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အစီအမံများတွင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအား ခုတုံးလုပ်အသုံးချနေသည့် အခြေအနေများကို တွေ့ရှိနေရသည်။

ယင်းအခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံအနေဖြင့် တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များတွင် အမီလိုက်ပါနိုင်ရေး၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရေးတို့အတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။

ဇူလိုင်လ ၂ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

**"ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေမည့် အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစွမ်းအားများဖြစ်သည့် နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုစွမ်းအား၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် လူ့စွမ်းအား၊ အရင်းအမြစ်စွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် ခိုင်မာသော ရပ်တည်ချက်ဖြင့် ကာကွယ်စောင့်ရှောက် မြှင့်တင်သွားနိုင်မှသာ သူတစ်ပါး ဩဇာအာဏာ လောင်းရိပ်အောက် ကျရောက်သွားမည့်အန္တရာယ်က လွတ်ကင်းပြီး ပြည်ထောင်စုကြီးလည်း တည်ငြိမ်အေးချမ်းစွာရပ်တည်နိုင်မည်ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသော လူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ထိရောက်စွာကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ယင်းကဲ့သို့ စိတ်ဓာတ်နှင့်စွမ်းအားများ မိမိနိုင်ငံသူနိုင်ငံသားများအကြား ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍကပါ တာဝန်ယူဆောင်ရွက်သွားရမည့် အချိန်အခါကိုရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်၏ အနာဂတ်ကာလကို တာဝန်ယူသွားကြရမည့် ယနေ့လူငယ်များအတွက် တည်ငြိမ်ခိုင်မာသည့် အနာဂတ်နှင့်အတူ ထိုက်တန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိသကဲ့သို့ မိမိတို့ထားရစ်ခဲ့သည့် အမွေခံကောင်းများ ဆက်လက်ရှင်သန်နေစေရန် ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် လိုအပ်သည့်အရည်အသွေး၊ စွမ်းရည်တို့ဖြင့်ပြည့်ဝသည့် လူငယ်လူရွယ်များ ဖြစ်ထွန်းလာရေးကိုပါ ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးရမည်ဟုလည်း နိုင်ငံတော်အစိုးရက ခံယူထားသည်။

သို့ဖြစ်ရာ တက္ကသိုလ် ဆရာဆရာမများအားလုံးက ယနေ့ကျောင်းသူကျောင်းသား လူငယ်များအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်ပေးနေသည့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးနှင့် ယနေ့ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ အနာဂတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ဆက်လက်တည်ဆောက်ကာကွယ်နိုင်သည့် စွမ်းအား၊ အရည်အသွေးနှင့် စိတ်ဓာတ် တို့ဖြင့် ပြည့်ဝလာစေရန် နိုင်ငံတော်၏ ကိုယ်စား ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မာလ်တီမီဒီယာစာသင်ခန်းဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲ သုဝဏ္ဏအထက၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအထကကျောင်း၌ မာလ်တီမီဒီယာစာသင်ခန်းဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ကျောင်းဘက်စုံပညာရေးဖွံ့ဖြိုးမှုအတွက် ဗီစီဒီပြစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၉ရက်က ကျောင်းခန်းမ၌ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်အမှာစကားပြောကြားပြီး မာလ်တီမီဒီယာ စာသင်ခန်းအတွက် အလှူငွေ ကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာ ကြီး ဦးထွန်းမင်းနှင့် ကျောင်းအကျိုး တော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်တို့က လက်ခံယူကြသည်။**(ဝဲအပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ယင်းနောက် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျောင်းဘက်စုံပညာရေးဖွံ့ဖြိုးမှုအတွက် ဗီစီဒီပြစက်တစ်လုံးကို မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။ **(ဝ၅၂)**

**ဇူလိုင် ၃ ရက်က လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် အမှာစကားပြောကြားစဉ်။** (၁၈၀)

## ပေးအပ်

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းလီမိတက်များမှ ဝင်ငွေခွန် ၁၆၁၅၉၇ ကျပ် ပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ခရိုင်ဂျီအီးစီခန်းမ၌ ကျင်းပရာ ခရိုင်ဂျီအီးစီဥက္ကဋ္ဌ ဦးခင်မောင်သိန်းက မြို့နယ် အခွန်ဦးစီးမှူး ဦးအောင်ဝင်းသို့ ပေးအပ်စဉ်။** (ခရိုင် ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြား

**၆-၇-၂၀၀၄**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -A Day's Klait (ပထမနှစ် အင်္ဂလိပ်စာအထူးပြု)
၅:၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း-၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ပိဋကအခြေခံ ရင့်သန်ကျွမ်းကျင် စာတတ်စေဖို့ စနစ်တကျသင်"
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၃၄)

# နယ်စပ်ဒေသနှင့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကြောင့်ဒေသအားလုံးဟန်ချက်ညီညီတိုးတက်လာပြီ နိုင်ငံတော်ကဖွံ့ဖြိုးအောင်ကြိုးပမ်းနေသလိုပြည်သူများကလည်းကြိုးပမ်းဆောင်ရွက်ရန်လို အစိုးရ၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်တက်ညီလက်ညီကြိုးပမ်း

ရန်ကုန် ဇူလိုင် ၅

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၃ရက် မွန်းလွဲ ၂နာရီခွဲတွင် မန္တလေးတိုင်း မတ္တရာမြို့ရှိ ဘုရင့်နောင်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မတ္တရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညွန့်က မတ္တရာမြို့နယ်၏ ဖွဲ့စည်းပုံ၊ လူဦးရေ၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး၊ မြေသယံဇာတ၊ ရေသယံဇာတ၊ စိုက်ပျိုးရေး၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု၊ ဝမ်းစာစပါးနှင့် ဆီဖူလုံမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေ ရရှိရေးလုပ်ငန်းများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် စလွန်ဖြူ အခြေခံပညာအထက်တန်းကျောင်းခွဲတို့အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

## အမှတ်ရနေ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မတ္တရာမြို့နယ်၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိအနေဖြင့် ရန်ကုန်မြို့တော်ကြီးတွင် တန်ခိုးကြီးမားသော လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် အဓိကဖြစ်သည့် စကျင်ကျောက်တော်ကြီးရရှိခဲ့သည့် မတ္တရာမြို့နယ် စကျင်တောင်ကို အမြဲအမှတ်ရနေကြောင်း။

မိမိတို့ရောက်ရှိချိန်အတွင်း မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့်ပတ်သက်ပြီး တင်ပြချက်အားလုံးကို ဒေသ၏လိုအပ်ချက်ဖြစ်၍ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသနေ ကျောင်းသားလူငယ်များ ပညာရည်မြင့်မားလာပြီး နိုင်ငံတော်အတွက် အားထားရသည့် ထူးချွန်ထက်မြက်သော အသိပညာရှင် အတတ်ပညာရှင်များအဖြစ်ဖြင့် ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို စီးပွားဖြစ်ထွန်းအောင် ထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ကြောင်း။

## ပိုမိုဖွံ့ဖြိုးလာမည်

ထို့အပြင် ဒေသအတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်မားတိုးတက်လာရေးအတွက် ကျေးလက်ဒေသ အချို့တို့တွင် ကျန်းမာရေးဌာနများတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အပြင် မတ္တရာမြို့နယ်၏ ဆေးရုံကိုလည်း မြို့နယ်အဆင့်မီဆေးရုံဖြစ်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကို

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ ရက်က မတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယို ပြစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။**

**(သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ရက်က မန္တလေးမြို့ရှိ ICT Park တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင် ပေးနိုင်ခဲ့ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်မှာဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်သည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်လာနိုင်တော့မည်ဖြစ်သဖြင့် ဒေသနေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှုနှင့်အတူ လူနေမှုဘဝပါ ပိုမိုမြင့်မားလာတော့မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဒေသနေပြည်သူများစီးပွားရေးမြင့်မားပြီး လူနေမှုဘဝမြင့်မားလာသည်နှင့်အညီ မြို့နယ်အနေဖြင့်လည်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

## ဒေသအားလုံးဖွံ့ဖြိုးရေး

မိမိတို့ နိုင်ငံလွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်အတွင်းမှာပညာရေး၊ကျန်းမာရေးစောင့်ရှောက်မှုများ အလွန်အားနည်းခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလရောက်မှ ပထမပိုင်းမှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ရေးဆွဲကာ ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ယခုအခါ အစွန်အဖျားကျေးလက်ဒေသများမှာ များစွာဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်နေကြပြီဖြစ်ကြောင်း၊ အချို့သော နယ်စပ်ဒေသများအနေဖြင့်လည်း နိုင်ငံတော်၏ အတွင်းပိုင်းဒေသများကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်ကိုလည်း တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံတော်အတွင်းရှိ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ထိုကဲ့သို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ နိုင်ငံတော်အတွင်းပိုင်းရှိ ဒေသများတွင်လည်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ကာ ဖိဖိစီးစီး ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ချမှတ်ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ နိုင်ငံတော်အတွင်း ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထိုကဲ့သို့ နိုင်ငံတော်၏ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံတော်၏နေအင်အား ကြွယ်ဝချမ်းသာနေ၍မဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပြီး စီးပွားရေးစီမံကိန်းများ အောင်မြင်လာသည်နှင့်အညီ ရရှိလာသည့် အကျိုးစီးပွားများကို နိုင်ငံတော်အတွင်းရှိ ဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ခြိုးခြံချွေတာပြီး ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ယခုထက် ပိုမိုပြီး စီးပွားရေး

*စာမျက်နှာ ၁၁ ကော်လံ ၁*

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံကိုယ်စားလှယ်များအား ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး

**အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက အမျိုးသားညီလာခံ ဂုဏ်ပြုတေး၊ ဂန္ထဝင်တေးများ၊ ခေတ်ပေါ် တေးသံသာများဖြင့် ဖျော်ဖြေ တင်ဆက်ကြစဉ်။ (သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၅

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေ နိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို ညစဉ် ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက အမျိုးသားညီလာခံဂုဏ်ပြုတေးများ၊ ဂန္ထဝင်တေးများ၊ ခေတ်ပေါ်တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။**

## တက်ရောက်ကြည့်ရှု

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

အစီအစဉ်အရ ဂီတစာဆို တက္ကသိုလ်မြတ်သူ ရေးစပ်သီကုံးသည့် အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သော 'လရောင်ဆမ်းမှ လန်းသောပန်း' သီချင်းဖြင့် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာ့အသံအဖွဲ့သူများက စုပေါင်းသီဆို ဂုဏ်ပြုကြသည်။

ထို့နောက် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖြင့် တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော ရင်ဂိုက 'ပန်းကလေးတစ်ပွင့်'တေးသီချင်းဖြင့် လည်းကောင်း၊ တေးသံရှင်များဖြစ်ကြသော ခင်မောင်တိုး၊ ရင်ဂိုနှင့် ထွန်းအိန္ဒြာဗိုတို့က အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် 'ရွှေညီလာခံမှသည်'တေးသီချင်းဖြင့်လည်းကောင်း၊ တေးသံရှင်စိုးစန္ဒာထွန်းက အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့်'ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ'တေးသီချင်းဖြင့်လည်းကောင်း၊ တေးသံရှင်အယ်လ်ခွန်းရီက အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့်'ရွှေညီလာခံ'တေးသီချင်းဖြင့်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီညွန့်ဝင်းက 'ပန်းတွေနဲ့ဝေ' သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူပင် အမျိုးသားညီလာခံကိုယ်စားလှယ်များကလည်း သီဆိုဖျော်ဖြေမှုအစီအစဉ်အဖြစ် ဂန္ထဝင်တေးများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ပါဝင်သီဆိုဖျော်ဖြေတင်ဆက်ကြရာ အမျိုးသားညီလာခံကိုယ်စားလှယ်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်ကြသည့်မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းငါးသောင်းကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြက လက်ခံသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှအမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေက အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'ရွှေညီလာသဘင်မှသည်'တေးကို ရေးစပ်သီကုံးသော မြက်ခင်းသစ် သုခမလွှင်ပြင်အဖွဲ့၊ ညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'ရွှေညီလာသဘင်မှသည်' တေးကို သီဆိုဖျော်ဖြေကြသည့် တေးသံရှင်ခင်မောင်တိုး၊ ရင်ဂိုနှင့် ထွန်းအိန္ဒြာဗို၊ ညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ' သီချင်းအား ရေးစပ်သီကုံးသော ဒေါက်တာမြတ်မြတ်အုံးခင်၊ အဆိုပါ ဂုဏ်ပြုတေးကို သီဆိုသည့် တေးသံရှင်စိုးစန္ဒာထွန်းနှင့် ညီလာခံဂုဏ်ပြုတေးဖြစ်သည့်'ညီလာခံကို တေးနဲ့ကြို' သီချင်းအား ကိုယ်တိုင်ရေးစပ်သီကုံးပြီး သီဆိုသော အကော်ဒီယံအုန်းကျော်တို့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဝင်းအောင်က ညီလာခံဂုဏ်ပြုတေးဖြစ်သော'လရောင်ဆမ်းမှ လန်းသောပန်း' သီချင်းအား သီဆိုဖျော်ဖြေကြသည့် တေးသံရှင်များဖြစ်ကြသော ကေတုဝင်းထွဋ်နှင့် သန်းမြတ်စိုးတို့အား လည်းကောင်း၊ သီတာမိုးနှင့် ရဲရင့်ဝေလွင်တို့အဖွဲ့အား လည်းကောင်း ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်သန်းဦးက ညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'လရောင်ဆမ်းမှ လန်းသောပန်း'သီချင်းအား ရေးစပ်သီကုံးသည့် ဂီတစာဆို တက္ကသိုလ်မြတ်သူနှင့် သီဆိုဖျော်ဖြေသော တေးသံရှင် ဆုန်သင်းပါရ်တို့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးညိုမင်းက ညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ'သီချင်းအား သီဆိုဖျော်ဖြေသူ မေဘရဏီခိုင်၊ ရဲရင့်ဝေလွင်နှင့် သီတာမိုးတို့အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးဝင်းမြင့်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့်'ရွှေညီလာခံ' သီချင်းအား ရေးစပ်သီကုံးသော ဂီတစာဆိုဟသ်ာတမြင့်ငွေနှင့် သီဆိုဖျော်ဖြေသော တေးသံရှင် အယ်လ်ခွန်းရီတို့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှအမျိုးသားညီလာခံကိုယ်စားလှယ် ဦးဌေးမြင့်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် 'ရွှေပြည်သစ်ခရီး' သီချင်းအား ရေးစပ်သီကုံးသော ဝေမှိုင်းညိုနှင့် သီဆိုဖျော်ဖြေသူ တေးသံရှင် ခင်မောင်တိုးတို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'မေ ၁၇ ရက်မြတ်မွန်' သီချင်းအားရေးစပ်သီကုံးသူ ဗလမင်းထင်နှင့် သီဆိုဖျော်ဖြေသူ တေးသံရှင်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အမျိုးသား ညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'တိုးပွားပြည်သာရန် အမျိုးသားညီလာခံ' သီချင်းအား ရေးစပ်သီကုံးသော စိန်မင်းသားနှင့် သီဆိုဖျော်ဖြေသူအဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို လည်းကောင်း၊ ညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'လရောင်ဆမ်းမှ လန်းသောပန်း' သီချင်းဖြင့် သီဆိုဖျော်ဖြေသူ တေးသံရှင် ဆုန်သင်းပါရ်အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

## ဖျော်ဖြေတင်ဆက်

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များက ဂန္ထဝင်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော ခင်မောင်တိုးက 'ရွှေပြည်သစ်ခရီး'၊ ဆုန်သင်းပါရ်က 'လရောင်ဆမ်းမှ လန်းသောပန်း'၊ ကေတုဝင်းထွဋ်က 'ဘရဏီ'၊ သန်းမြတ်စိုးနှင့် တက္ကသိုလ်လဲ့လဲ့တို့က 'နှစ်ကိုယ်တူချစ်သမျှ'သီချင်းတို့ဖြင့် လည်းကောင်း အသီးသီးသီဆိုဖျော်ဖြေ တင်ဆက်သည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်တွင် အကောင်းဆုံးသီဆိုသွားနိုင်သူများဖြစ်ကြသည့် 'မေ့အချစ်မြား' သီချင်းဖြင့် ပထမဆုရ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဟန်မောင်၊ 'ယောကျ်ားမှာလဲ အသည်းနှင့်ပါ' သီချင်းဖြင့် ဒုတိယဆုရ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် 'ပိတောက်လမ်း'သီချင်းဖြင့် တတိယဆုရ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးခင်မောင်ကြည်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့က အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်တွင် နှစ်သိမ့်ဆုရရှိကြသူ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှအမျိုးသားညီလာခံကိုယ်စားလှယ်ဒေါက်တာခင်ရွှေက အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ သီဆိုဖျော်ဖြေမှုအစီအစဉ်တွင် အကဲဖြတ်အမှတ်ပေးကြသည့် ဒိုင်လူကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းကို ဒိုင်လူကြီးများကိုယ်စား စန္ဒရားဦးချစ်ဆွေအား လည်းကောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးညိုမင်းက တီးခတ်ဖျော်ဖြေပေးကြသည့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့အတွက်ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးအရာရှိ(ဂီတ)ဦးမောင်မောင်အားလည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေက အခမ်းအနားမှူးများအဖြစ်ဆောင်ရွက်ကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိလ္လာစိုး၊ သဥ္ဇာဝင်းနှင့် မြတ်ဆုမွန်တို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

**အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက အမျိုးသားညီလာခံ ဂုဏ်ပြု တေးများ၊ ဂန္ထဝင်တေးများ၊ ခေတ်ပေါ်တေးသံသာများဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)**

ဂုဏ်ပြုဆုများချီးမြှင့်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

## နိုင်ငံတကာသတင်းများ

# အီရတ်စစ်ပွဲမှပြန်လာသော တပ်ဖွဲ့ဝင်ခြောက်ဦးလျှင် တစ်ဦး စိတ်ရောဂါဖိစီးသည့်ဝေဒနာခံစားနေရကြောင်း လေ့လာတွေ့ရှိ

လန်ဒန် ဇူလိုင် ၃

**အီရတ်စစ်ပွဲမှ ပြန်ရောက်လာသော တပ်ဖွဲ့ဝင်ခြောက်ဦးလျှင် တစ်ဦး၌ ပရိဒေ၀မီးတောက်လောင်ခြင်း သို့မဟုတ် အခြားစိတ်ထိခိုက်စရာ ဝေဒနာများခံစားရသည့်လက္ခဏာများကို တွေ့ရသည်ဟု သုတေသီများ ယနေ့ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။**

အာဖဂန်နစ္စတန်၌ စစ်မှုထမ်းခဲ့သော တပ်ဖွဲ့ဝင်များအတွင်း စိတ်ရောဂါခံစားမှု အဆင့်သည် သိပ်မမြင့်သည်ကို တွေ့ရသည်ဟု သုတေသီများက ပြောဆိုကြသည်။

**ဖော်ပြထား**

သည်နယူးအင်္ဂလန်ဆေးပညာဂျာနယ်က ယနေ့ထုတ်ဝေသောစာစောင်၌ လေ့လာဖော်ပြထားရာတွင် အီရတ်နိုင်ငံမှပြန်ရောက်လာသော တပ်ဖွဲ့ဝင်များ၏ စိတ်ကျန်းမာရေး အခြေအနေလေ့လာချက်ကို ပထမဆုံးဖော်ပြထားသည်ကို တွေ့ရသည်။

**စိတ်ဓာတ်ကျ**

သုတေသီများသည် အီရတ် သို့မဟုတ် အာဖဂန်နစ္စတန်တွင် စစ်မှုမထမ်းခင်နှင့် စစ်မှုထမ်းပြီးနောက် တပ်ဖွဲ့ဝင် ၆၀၀၀ ကျော်ကို လေ့လာခဲ့ရာ၌ အီရတ်၌ တိုက်ခိုက်ခဲ့ကြသော တပ်ဖွဲ့ဝင်များ၏ ၁၇ ရာခိုင်နှုန်းနီးပါးသည် အကြီးအကျယ်စိတ်ဓာတ်ကျသည့်ရောဂါခံစားနေကြရသည်ကို တွေ့ရှိရသည်။ ၎င်းတပ်ဖွဲ့ဝင်များသည် စိုးရိမ်စိတ် သို့မဟုတ် စိတ်ဝေဒနာဖိစီးမှုဒဏ်ကို အကြီးအကျယ်ခံစားနေကြရသည်ဟု ပြောဆိုကြသည်။

ထိုအခိုက်တွင် အာဖဂန်နစ္စတန်၌ စစ်မှုထမ်းခဲ့သော တပ်ဖွဲ့ဝင်များ စိတ်ရောဂါဖိစီးမှုဒဏ်၊ စိတ်ကျရောဂါဖြစ်မှုဒဏ်ခံရသည့် အရေအတွက်မှာ ၁၁ ရာခိုင်နှုန်းမျှသာရှိကြောင်း သုတေသီများက နှိုင်းယှဉ်ဖော်ပြကြသည်။ ယခုလေ့လာတွေ့ရှိရသော စိတ်ရောဂါဝေဒနာဖိစီးမှုဒဏ်ခံကြရသော တပ်ဖွဲ့ဝင်များ၏ နှုန်းထားသည် ၁၉၉၁ ခုနှစ်က ဖြစ်ပွားခဲ့သော ပါရှန်ပင်လယ်ကွေ့စစ်ပွဲ၌ စိတ်ရောဂါ ဖိစီးမှုဒဏ်ခံခဲ့ကြရသော တပ်ဖွဲ့ဝင်များ အရေအတွက်ထက် မသိမသာမြင့်သည်ကို တွေ့ရပြီး ဗီယက်နမ်စစ်ပြန်များ စိတ်ရောဂါဖိစီးမှုဒဏ်ခံစားရသည့်နှုန်းထက် နည်းသည်ဟု ဆိုသည်။

**ပြုလုပ်ခဲ့**

ယခုလေ့လာချက်အသစ်ကို တပ်ဖွဲ့ဝင်များအား အီရတ်နှင့် အာဖဂန်နစ္စတန်၌ တာဝန်ချထားခြင်းမပြုမီနှင့် ၎င်းတို့နေရပ်သို့ ပြန်ရောက်လာပြီးနောက် သုံးလေးလအတွင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပိုမိုထိတွေ့**

အီရတ်၌ ယခုစစ်မှုထမ်းရသော တပ်ဖွဲ့ဝင်များသည် ရန်သူများနှင့်လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့်လည်းကောင်း အစောပိုင်းက အီရတ်စစ်ပွဲ၌ ပါဝင်ခဲ့သည့် တပ်ဖွဲ့ဝင်များထက် ပိုမိုထိတွေ့မှုရှိသည်ဟု ဆိုသည်။

(အင်တာနက်)

## ထိန်းသိမ်းထားသော အီရတ်အားသတ်ဖြတ်မှု ကန်တပ်ဖွဲ့ဝင်သုံးဦး တရားစွဲဆိုခြင်းခံရ

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်နိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခံရသော အီရတ်လူမျိုးတစ်ဦးအား သတ်ဖြတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးအား တရားစွဲဆိုထားသည်။

**တရားစွဲ**

စတုတ္ထမြောက် အမေ ရိကန်တပ်ဖွဲ့ဝင်မှာ သေဆုံးသူ အီရတ်အရပ်သားအား ညမထွက်ရအမိန့်ကျူးလွန်မှုဖြင့် ဘဂ္ဂဒက်မြို့အနီး လွန်ခဲ့သည့် ဇန်နဝါရီလက ဖမ်းဆီးခဲ့ပြီးနောက် အနီးရှိတံတား တစ်ခုပေါ်မှ မြစ်ထဲသို့ ခုန်ချစေကာ သတ်ဖြတ်ခဲ့သည့် ပြစ်မှုဖြင့် အမေရိကန်စစ်ဘက်ဆိုင်ရာက တရားစွဲဆိုစစ်ဆေးလျက်ရှိသည်။

**စစ်ဆေး**

ထို့အပြင် အာဖဂန်နစ္စတန်နိုင်ငံ၌လည်း အကျဉ်းသားများအား နှိပ်စက်မှုစွပ်စွဲချက်အသစ်တစ်ရပ်ကို အမေရိကန်စစ်ဘက်ဆိုင်ရာက စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**သေဆုံး**

အီရတ်နိုင်ငံ၌ အီရတ်အကျဉ်းသားများအား နှိပ်စက်မှုကိစ္စဖြစ်ပေါ်ခဲ့ပြီးနောက် ယခုလို ဆက်လက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်လက အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ စီအိုင်အေဝန်ထမ်းတစ်ဦးက အထိန်းသိမ်းခံ အာဖဂန်လူမျိုးတစ်ဦးကို ရိုက်နှက်ခဲ့ရာ ၎င်းအာဖဂန်လူမျိုး မကြာမီ သေဆုံးသွားခဲ့သည်။ ထိုပြစ်မှုဖြင့် စီအိုင်အေဝန်ထမ်းအား ဖမ်းဆီးထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

### ပျက်စီး

**ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်တစ်စီးအား ကြည့်ရှုစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်တောင်ပိုင်းဆိပ်ကမ်းသို့ ရေနံများပို့သည့် ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရသဖြင့် ရေနံတင်ပို့မှု ထက်ဝက်မျှလျော့ကျ

ဘဂ္ဂဒက် ဇူလိုင် ၄

**အီရတ်တောင်ပိုင်းရှိ ရေနံဆိပ်ကမ်းများသို့ ရေနံများပေးပို့နေသည့် ပိုက်လိုင်းနှစ်ခုအနက် တစ်ခုကို ဖောက်ခွဲတိုက်ခိုက်သူများက စနေနေ့၌ တိုက်ခိုက်ခဲ့သည့်အတွက် အီရတ်၏ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစည် ၉၆၀၀၀၀ ထိ ထက်ဝက်မျှ လျော့ကျသွားသည်ဟု အရာရှိများနှင့် ရေနံတင်ပို့ပေးသူ ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။**

လွန်ခဲ့သည့်လ၌ အလားတူ တိုက်ခိုက်ခံခဲ့ရပြီး အစိုးရသစ်က နိုင်ငံပြန်လည်တည်ငြိမ်မှုရှိစေရန် သန္နိဋ္ဌာန်ပြုခဲ့ပြီးနောက် ရေနံပိုက်လိုင်းများ၏ လုံခြုံရေးကို ခိုင်မာအောင်လုပ်ထားလင့်ကစား ရေနံပိုက်လိုင်းတစ်လုံး ယခုကဲ့သို့ ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်။

**စေလွှတ်မည်**

ပျက်စီးမှုနှင့် ပြင်ဆင်သည့်အခါ ကြာမြင့်မည့်အချိန်ကို ခန့်မှန်းရန်အတွက် ဆောက်သ်ရေနံကုမ္ပဏီက အင်ဂျင်နီယာများကို တနင်္ဂနွေနေ့ အစောပိုင်း၌ စေလွှတ်ပေးမည်ဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

ဘာဆာရာ ရေနံတင်ပို့ရေးဆိပ်ကမ်းသည် ဖောက်ခွဲတိုက်ခိုက်ခြင်းမခံရမီက တစ်နာရီလျှင် ရေနံစည် ၇၀၀၀၀ထိ တင်ပို့ပေးနိုင်ခဲ့ရာမှ ၄၀၀၀၀ထိ လျော့ကျသွားခဲ့သည်ဟု နိုင်ငံတကာဆိုင်ရာ ရေနံတင်ပို့ရေးကိုယ်စားလှယ်က ပြောကြားသည်။

**ရပ်ဆိုင်းခဲ့**

အီရတ်နိုင်ငံ၏ ရေနံပိုက်လိုင်းများသည် အတိုက်ခံရခြင်းကြောင့် ယခုနှစ်၌ သုံးလေးကြိမ်မျှ တင်ပို့မှုရပ်ဆိုင်းခဲ့ရသည်ဖြစ်ရာ ရေနံဈေးနှုန်းများ မြင့်တက်အောင် အထောက်အကူပေးသလို ဖြစ်ခဲ့သည်။ **(အင်တာနက်)**

**ကက်စ်ဆီနီ အာကာသစူးစမ်းလေ့လာရေးယာဉ်သည် စနေဂြိုဟ်၏အရန်လဖြစ်သော တိုက်တန်၏ပုံရိပ်များကို ဇူလိုင် ၃ ရက်က ထုတ်ပြန်ပေးခဲ့သည်။ ဝဲဘက်အစွန်ပုံတွင် အမှောင်ကျသောဒေသများ၌ ရေခဲများရှိနိုင်ပြီး အလယ်ပုံ၏နေရာအနှံ့နီးပါးတွင် အမှောင်ထုမျက်နှာပြင်များဖြစ်ပေါ်နေရာ ရေခဲမျက်နှာပြင်နှင့် ဟိုက်ဒရိုကာဗွန်များဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။ ယာဘက်အစွန်ပုံသည် ဝဲဘက်အစွန်ပုံအတိုင်းဖြစ်ပြီး အမှောင်ဒေသသည် ရေခဲဒေသဖြစ်ကာ တောက်ပသောနေရာများမှာ ဟိုက်ဒရိုကာဗွန်ကြွယ်ဝသည့် ဓာတ်သတ္တုများ ဖြစ်သည်ဟု ဆိုသည်။** (ဓာတ်ပုံ-အင်တာနက်)



## ကူဝိတ်—အီရတ် အနာဂတ်ဆက်ဆံရေး ကူဝိတ်ပြန်ကြားရေးဝန်ကြီး အကောင်းမြင် ပြောကြား

ကူဝိတ်စီးတီး ဇူလိုင် ၄

**ကူဝိတ်နှင့် အီရတ်နိုင်ငံ အနာဂတ်ဆက်ဆံရေးအပေါ် အကောင်းမြင်ခြင်းဖြင့် ကူဝိတ်ပြန်ကြားရေးဝန်ကြီး မိုဟာမက်အဘူဟက်ဆန်က စနေနေ့တွင် ထုတ်ဖော်ပြောကြားသည်။**

မိမိတို့သည် အနာဂတ်ကို မျှော်ချင့်သောသဘောထားအမြင်တစ်ရပ်ရှိကြောင်း၊ အတိတ်က ဖြစ်ပျက်ခဲ့သည်များကို မေ့ထားကြောင်း၊ အီရတ်ပြည်သူအများစုအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်လိုစိတ်ရှိကြမည်ဟု ထင်မြင်ကြောင်း အဘူဟက်ဆန်က ပြောကြားသည်။

အီရတ်တို့သည် လက်တစ်ကမ်းတည်ငြိမ်ရေး အဆင့်တစ်ရပ်၌ ကူဝိတ်နိုင်ငံနှင့်သာမက အခြားသောနိုင်ငံများအားလုံးနှင့် ဆက်ဆံရေးတိုးမြှင့်လိမ့်မည်ဖြစ်ကြောင်း အဘူဟက်ဆန်က မှတ်ချက်ပြု ပြောကြားသည်။

ကူဝိတ်နိုင်ငံသည် ပြီးခဲ့သော သီတင်းပတ်က သံတမန်ဆက်သွယ်မှု ပြန်လည်စတင်ပြီးနောက် ၎င်း၏သံအမတ်တစ်ဦးကို စေလွှတ်မည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးရုံး၏ပြောကြားချက်ကို ကူနာက ကိုးကား ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဘဂ္ဂဒက်၌ သံသယရှိသည်ဆိုသောနေရာများ ကန်တပ်ဖွဲ့ဝင်တို့ရှာဖွေ မသင်္ကာသူ ၅၀ ကို ကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွား

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် သံသယရှိသည်ဆိုသောနေရာများကို ရုတ်တရက်ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ ယခုရှာဖွေစစ်ဆေးမှုတွင် လူ ၅၀ထက်မနည်းကို ဖမ်းဆီးမိခဲ့ကြောင်း သိရှိရသည်။

ကားဗုံးတိုက်ခိုက်မှုများ၏ နောက်ကွယ်မှလူများကို အမေရိကန်တို့က မသင်္ကာမှုဖြင့် ရှာဖွေဖမ်းဆီးရာ၌ အနည်းဆုံး လူ ၃၀ကို ငွေကြေးစိုက်ထုတ်သူ၊ ဗုံးထုတ်လုပ်သူများဟု မသင်္ကာဆိုကာ ဖမ်းဆီးခဲ့သည်။ ယခု ဖမ်းဆီးထားသောအဖွဲ့၌ အမေရိကန်တပ်ဖွဲ့နှစ်ဦး သေဆုံးခဲ့ရသည့် ဗုံးပေါက်ကွဲမှုတွင် တာဝန်ရှိသူများဖြစ်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၊ အီရတ်များကိုတိုက်ခိုက်ခဲ့သူများဖြစ်ကြောင်း အမေရိကန်နှင့်အပေါင်းပါတို့က စွပ်စွဲထားသည်။ **(စီအင်န်အင်န်)**

* ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

## ဆိုင်းဘုတ်ဖွင့်

ရှေးဦးစွာ ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး(မန္တလေး)ဖွင့်ပွဲ အခမ်းအနားပထမပိုင်းအစီအစဉ်များကို အဆိုပါဆေးရုံသစ်ကြီးရှေ့မျက်နှာစာ၌ကျင်းပရာ ဆရာဝန်နှင့် ဆရာမများက ဆေးရုံသစ်ကြီး၏ ကြေပြားဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

အမှတ် အခမ်းအနားကျင်းပသည့်နေ့တွင် မြန်မာနိုင်ငံ၏ အထက်ပိုင်း မန္တလေးမြို့တွင် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးကဏ္ဍကို မည်မျှအလေးထားသည်ကို ဖော်ညွှန်းပြသခြင်းပင်ဖြစ်ကြောင်း။

ယခင်က ယခုဖွင့်လှစ်သည့်ဆေးရုံကြီးသည်မန္တလေးဆေးရုံကြီး၏ အတွင်းတွင် ဌာနတစ်ခုအနေဖြင့်သာ ပေးမှုကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မည်မျှအလေးထားသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

## ဦးစားပေးပံ့ပိုး

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏အစွန်အဖျား နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍကို အလေးပေးပြီး ဆောင်ရွက်ပေးခဲ့သည့်နည်းတူ လမ်းပန်းဆက်ပေါ် ထွန်းလာခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၏ သဘောထားနှင့်စေတနာကို ပြည်သူများ နားလည် သဘောပေါက်ကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းသည် အမျိုးသမီးများနှင့် မိခင်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် နောင်အနာဂတ် နိုင်ငံတော်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာမည့် မွေးကင်းစကလေးများ၏ ကျန်းမာရေးစောင့်

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊တိုင်းရင်းသားပြည်သူများ၊ အစွန်အဖျား နယ်စပ်ဒေသရှိ တိုင်းရင်းသားများ အပါအဝင် တစ်နိုင်ငံလုံးပြည်သူများက နားလည်သဘောပေါက်ပြီး ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ရက်က မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီး (မန္တလေး)ဖွင့်ပွဲ အခမ်းအနားတွင် ဆေးရုံသစ်ကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

**(သတင်းစဉ်)**



ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး (မန္တလေး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသစ်ကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

## ခရေပင်စိုက်ပျိုး

ဆက်လက်၍အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသစ်ကြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခရေပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆေးရုံသစ်ကြီးခန်းမ၌ ဆက်လက်ကျင်းပသည်။

## အမျိုးသမီးကဏ္ဍအလေးထား

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ဇူလိုင် ၃ရက် မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အထိမ်းတည်ရှိခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်အရမန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ ဗဟိုချက်မ ဖြစ်သည်နှင့်အညီ အထက်မြန်မာနိုင်ငံမန္တလေးမြို့ကို ရန်ကုန်မြို့တော်ကဲ့သို့ စီးပွားရေး အဆောက်အအုံများ၊ လူမှုရေး အဆောက်အအုံများ တန်းတူညီတူဖြစ်အောင်တဖြည်းဖြည်း ဆောင်ရွက်ရမည်ဆိုသည့် လမ်းညွှန်မှုများအပေါ် မူတည်ပြီး ယခုကဲ့သို့ မန္တလေးမြို့ကြီးတွင် မြို့တော်ကြီး၏ အင်္ဂါရပ်နှင့်ညီညွတ်စေရန် လူမှုရေး၊ စီးပွားရေးကဏ္ဍများနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အအုံများကို တစ်ခုပြီးတစ်ခု ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

## ထင်ထင်ရှားရှားမြင်ရ

ယခုဖွင့်လှစ်သည့် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီးသည် လူမှုရေးဆိုင်ရာ အဆောက်အအုံဖြစ်ကြောင်း၊ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တော်ကြီးသည် ကဏ္ဍစုံ တဖြည်းဖြည်းကျယ်ပြန့်လာသည့်အလျောက် လူဦးရေအနေအထားကို လူနေမှုပတ်ဝန်းကျင် ပိုမိုထူထပ်ကျယ်ပြန့်လာသည့်အတွက် သီးခြားဗဟိုအမျိုးသမီးဆေးရုံကြီး တစ်ရုံရှိရန် လိုအပ်လာမှုကြောင့် ယခုကဲ့သို့ ဗဟိုအမျိုးသမီးဆေးရုံကြီးကို သီးခြားတည်ဆောက်ပြီး ယနေ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သွယ်ရေးအပြင် အခြားသော လိုအပ်သည့် အခြေခံအဆောက်အအုံများကို ဆက်လက်တည်ဆောက်ပေးခဲ့ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများသည် အတိုင်းအတာ တစ်ခုအထိ အောင်မြင်ပြီးမြောက်ခဲ့ပြီးနောက် အတွင်းပိုင်းရှိ အခြား ကွက်လပ်ကျန်နေသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး၂၄ခုထူထောင်ပြီးနောက် ပညာရေး၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့်ကဏ္ဍများကို အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းမှာ မိမိတို့တွင် ခနအင်အား ပြည့်စုံချမ်းသာ၍ မဟုတ်ကြောင်း၊ မိမိတို့ခနအင်အား အပေါ်မူတည်ပြီးခြိုးခြံချွေတာစွာဖြင့်ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ဦးစားပေးပံ့ပိုးဆောင်ရွက် ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေနှင့် ခြိုးခြံချွေတာပြီး စုဆောင်းထားသည့် ခနအင်အား ငွေကြေးနှင့် ယခုကဲ့သို့ ဆေးရုံများ၊ ကျောင်းများ၊ တက္ကသိုလ်၊ကောလိပ်များကိုထူထောင်ပေးခဲ့သည့်နည်းတူ လိုအပ်သည့်ပစ္စည်းကိရိယာများကိုလည်း ပြည့်စုံစွာဖြည့်တင်းပေးခဲ့ခြင်း ဖြစ်ကြောင်း။

## ရည်ရွယ်ဆောင်ရွက်

ထို့ကြောင့် ယနေ့ဖွင့်လှစ်ခဲ့သည့် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီးတစ်ခု သီးသီးသန့်သန့် ခံ့ညားထည်ဝါစွာ ရှောက်မှု အပြည့်အဝ ရရှိစေရန် ရည်ရွယ်လျက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

## ပြည်သူများနားလည်ရန်လို

နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ ရှေ့အနာဂတ်ကောင်းမွန်စေရန်၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု အနေဖြင့် ထာဝရရပ်တည်နိုင်ရေးအတွက်ရေရှည်ကိုမျှော်မှန်းပြီး နိုင်ငံတော်ကို တည်ထောင် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ နိုင်ငံတော်၏ ရေရှည်အနာဂတ် ခိုင်မြဲရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်ဖြစ်ထွန်းလာအောင် စနစ်တကျဆောင်ရွက်ပေးနေခြင်းကိုပြည်သူအများနားလည်သဘောပေါက်ရန် လိုအပ်ကြောင်း။

ယခုအခါ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိရာတွင် ပြည်တွင်းပြည်ပ အဖျက်အမှောင့်အမျိုးမျိုးဖြင့် အနှောင့်အယှက် အဟန့်အတားများ ပြုလုပ်လျက်ရှိနေကြောင်း၊ မည်သို့ပင်ရှိစေကာမူ မိမိတို့၏ အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသော ခံယူချက်ဖြင့် ကိုယ့်အားကိုယ်ကိုးကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင်၃ရက်က မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီး (မန္တလေး)ဖွင့်ပွဲ အခမ်းအနားတွင် မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

**(သတင်းစဉ်)**

ထို့နောက်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီး (မန္တလေး) တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအားဝန်ကြီးဌာန ကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

# ပဲခူးရိုးမမိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် လက်ပံတန်းမြို့နယ် စီတုံးကျေးရွာအနီး ညောင်ပင်ဇင်းကြိုးဝိုင်းအကွက် အမှတ်(၅၆)အနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူ ၂၀၀ခန့်တို့သည် သစ်တောရေးရာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့်အတူ မယ်ဇလီပင် ၆၀၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

## သံကူကွန်ကရစ် ကြိုးဆိုင်းတံတား

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် သွားလာဆက်သွယ်မှု လွယ်ကူစေရန် သံကူကွန်ကရစ် သံမဏိကြိုးဆိုင်းတံတားကို ဤသို့တည်ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တနင်္သာရီတိုင်း ထားဝယ်မြို့နယ်တွင် ထားဝယ်ဘူတာရုံကို တည်ဆောက်ပေးထားရာ တိုင်းရင်းသားပြည်သူများ ကူးသန်းသွားလာမှု လွယ်ကူချောမွေ့လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် တည်ဆောက်ပေးထားသော နန်းကသူရရေလှောင်တမံသည် ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေဧကေ ၁၄၀၀၀ အတွက် အကျိုးပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## သောက်သုံးရေရရှိ

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ထနောင်းဝန်းကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့က ဤသို့ ဆောင်ရွက်ပေးထားသည်။ (ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)



အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## ✡ ရှေ့ဖုံးမှ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ်အထူးဒေသ(၁)၊ ကယားပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ်အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(DKBA)၊ဟောင်သရောအထူးဒေသအဖွဲ့၊လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ်ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသား တပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### မှတ်တမ်းတင်လက်မှတ်ထိုး

အမျိုးသားညီလာခံစုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်လှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

**တက်ရောက်**

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များကို တွေ့ရစဉ်။**

**(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာမျိုးသန့်တင်နှင့်အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစောနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

**အစည်းအဝေးစတင်**

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၉ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၅ ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၉နာရီ မိနစ်၅၀တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ မိနစ်၂၀တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့်က ဆက်လက် ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

**ဆက်လက်ကျင်းပမည်**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇူလိုင် ၆ရက် (အင်္ဂါနေ့)နံနက်၉နာရီတွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမ၌ အဖွဲ့အလိုက် စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အလားတူ အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များသည်လည်း မွန်းလွဲ ၂နာရီတွင် ပြည်ထောင်စုခန်းမ၌ ပြည်နယ်နှင့်တိုင်းအလိုက် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

**အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)**

**အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)**

# အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး လုပ်ငန်းများအရှိန်အဟုန်မပျက်စေရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌမှာကြား

ရန်ကုန် ဇူလိုင် ၅

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ၊ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁)ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ဆောင်ရွက်သည်။ ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ရှင်းလင်းမှာကြားသည်။

ယင်းနောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် လုံခြုံရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးမှတာဝန်ရှိသူများ အနေဖြင့် မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ယခုကဲ့သို့ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်ကြရေးနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ အရှိန်အဟုန် မပျက်စေရေးအတွက် ပိုမိုကြိုးပမ်း အလေးထားဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၅**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကို ဩဂုတ်၁၆ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ အမှတ် ၆၆ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၁၆ရက်မှ ၁၈ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ်၁၉ရက်တွင် Bargain and Auction စနစ်များဖြင့်ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ဝယ်ယူလိုသူများသည် ဩဂုတ်၁၃ ရက်မှစတင်၍ မှတ်ပုံတင်ကြေး နိုင်ငံသားငွေကျပ်၄၀၀၀၊ နိုင်ငံခြားသား အမေရိကန်ဒေါ်လာ ၂၀နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။

ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇူလိုင်၂၀ရက်မှ ၃၀ရက်အတွင်းလာရောက်အပ်နှံပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏တန်ဖိုးပေါ်တွင် ၀ ဒသမ ၄ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချလိုပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) အမှတ် ၂၄/၂၆ (ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃၊ ၃၇၀၅၆၁နှင့် မြန်မာအင်ပီရီရယ်(လ်)ဂျိတ် အမှတ် ၂၄/၂၆ (ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၂၇၊ ၃၇၀၅၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအနှံ့အပြားနေရာကွက်၍မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇူလိုင် ၅

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။**

**ဇူလိုင်၆ရက် ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

**မှတ်သားဖွယ်ရာမိုးရေချိန်**

**၄-၇-၂၀၀၄**

| | |
|---|---|
| မြစ်ကြီးနား | ၁ဒသမ၆၉လက်မ |
| ဗန်းမော်မြို့ | ၁ဒသမ၆၉လက်မ |
| ပဲခူးမြို့ | ၁ဒသမ၇၃လက်မ |
| ကျောက်တော် | ၂ဒသမ၇၂လက်မ |

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်ရာမိုးရေချိန်**

**၅-၇-၂၀၀၄**

| | |
|---|---|
| ကမ္ဘာအေး | ၀ဒသမ၁၅လက်မ |
| မင်္ဂလာဒုံ | ၀ဒသမ၃၅လက်မ |

## သဒ္ဒါမေးကွက်အတွဲ(၁) ကျမ်းစာအုပ်များလှူဒါန်း

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင် ကျမ်းများ ကျမ်းပြုရှင်စန္ဒဇောတိ (ပါဠိပါရဂူ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်ရေးသားပြုစုသော သဒ္ဒါမေးကွက်(၁)ကျမ်းစာအုပ်များကို ဇူလိုင်၆ရက်က တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့ပေါ်ရှိ စာသင်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက်ပဓာနနာယကဆရာတော်များကိုယ်စားတပ်ကုန်း ဦးဓမ္မသာမိက လက်ခံရယူကြောင်းသိရသည်။ **(က-ပ)**

**သားငါးပွံ့ပြိုး ပြည့်အကျိုး**

# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ကြိုးပမ်းစွမ်းဆောင်မှု သာဓကတစ်ခု

**တက္ကသိုလ်တင်အောင်**

ဝသန်ခါမီ မိုးရာသီဖြစ်သောကြောင့် တက္ကသိုလ်မြကျွန်းသာပရဝဏ်အတွင်း ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသော စိန်ရတုအဆောက်အအုံသည် စိမ်းလန်းစိုပြည်လျက် ပိုမိုလှပနေသည်။ ဘူမိနက်သန်မှန်ရာ တက္ကသိုလ်စိန်ရတု ခန်းမကြီးတွင် တည်ငြိမ်ခံ့ညားသည့် အခမ်းအနားဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၏ ကျောင်းဆင်းပွဲနှင့် လုပ်ငန်းတာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပနေသည်။ တက္ကသိုလ်သမိုင်းမှတ်တိုင် တစ်ခုအဖြစ် မော်ကွန်းထိုးရမည့် နေ့တစ်နေ့ ထိုနေ့ကား ၂၀၀၆ခု ဇွန်လ ၂၇ရက်။

အဆိုပါအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် တက်ရောက်ကာ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ မြင်ကွင်းမှာ လွန်စွာကျက်သရေရှိလှပေသည်။ မြင်ရသူတိုင်း ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်း၊ ပီတိဖြစ်ခြင်း စသည်တို့ကို တစ်ပြိုင်တည်း ခံစားကြရသည်။ ကာယကံရှင် သင်တန်းဆင်း ကျောင်းသားများ၊ ဆရာဆရာမများနှင့် ကျောင်းသားမိဘများအဖို့မူ ဆိုဖွယ်ရာမရှိပေ။

ယင်း အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ-

**"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဒေသခံ ပြည်သူများ မိမိဘဝရပ်တည်နိုင်ပြီးလူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ်တိုးတက်မြင့်မားသွားစေဖို့လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက်ပါ စီမံဆောင်ရွက်သွားကြဖို့ လိုကြောင်းကို ထပ်မံလမ်းညွှန်မိန့်ကြားခဲ့ကြောင်း"**

ဖြင့် ထည့်သွင်းပြောကြားသွားသည်။

နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီနိုင်ငံတော်က မျှော်မှန်းထားသည့်နယ်စပ်ဒေသများတွင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေးနှင့် အဆင့်မြင့်ပညာ တတ်ကျွမ်းသည့် အသိပညာရှင်များ မွေးထုတ်ပေးရေး ဦးတည်ချက်အရ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များကို ဖွင့်လှစ်ခဲ့ပြီး ကျောင်းဆင်းပွဲနှင့် လုပ်ငန်းတာဝန် ပေးအပ်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ တတိယအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ယခုနှစ် ၂၀၀၃-၂၀၀၆ ပညာသင်နှစ်တွင် အဆိုပါ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (A.G.T.I) ဒီပလိုမာရရှိကြသည့် ကျောင်းသားအင်အားများ ထပ်မံတိုးပွားလာရာ နယ်စပ်ဒေသများတွင် အဆင့်မြင့်ပညာတတ်ကျွမ်းမှု၏ ရောင်နီဦးအခြေအနေပင်ဖြစ်သည်။

တစ်ဖန်နိုင်ငံတော်တွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်လာလျက် အဆင့်မြင့်ပညာ တတ်ကျွမ်းသည့် အသိပညာရှင်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပညာရည်မြင့်မားမှု အသိပညာ ကြွယ်ဝမှုတို့နှင့်အတူ မှန်ကန်သော သဘောထားများ ဖြစ်ထွန်းလာပြီးလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည်လည်း တစ်စထက်တစ်စ တိုးတက်မြင့်မားလာမည်မှာ အမှန်ပင်ဖြစ်သည်။

စင်စစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ရန်ကုန်နှင့်မန္တလေးရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့သည် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုစေရန် တစ်နှစ်ထက်တစ်နှစ် အရှိန်မြှင့်ခဲ့သည်။ တစ်နည်းဆိုသော် ပြည့်အင်အားသည် ပြည်တွင်း၌သာရှိပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် မရှိလျှင် မဖြစ်ဆိုသည့် အချက်ကို လက်တွေ့ခံယူ ကျင့်သုံးခြင်းဟု ဆိုနိုင်သည်။

ထိုမျှသာမကသေး ရန်ကုန်နှင့်မန္တလေးရှိ ပြည်ထောင်စု တိုင်းရင်းသားများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြင့် တိုင်းရင်းသားလူငယ် အချင်းချင်း တွေ့ဆုံရင်းနှီးချစ်ကြည်မှု ရရှိလျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာသည်ထက် ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်လည်း ပါရှိသည်။ တစ်နည်းအားဖြင့် ဆိုရသော် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေး ကြိုးပမ်းစွမ်းဆောင်မှု သာဓကတစ်ခုပင်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သည် တိုင်းရင်းသားလူငယ်များ အပေါ် အားထား ယုံကြည်သည့် အားလျော်စွာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုတိုးပွား ခိုင်မာစေရေးအတွက်သာမက တိုင်းရင်းသားလူမျိုးများအားလုံးကလည်း နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးတာဝန်များကိုပါ ပါဝင်ထမ်းဆောင်နိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်အထိ မျှော်မှန်းဖော်ဆောင်ပေးနေခြင်းဖြစ်သည်။ ဤသို့ဆိုလျှင်သင်တန်းဆင်းတိုင်းရင်းသားလူငယ်တို့၏ အခန်းကဏ္ဍသည် မည်မျှမြင့်မားပြီး အရေးပါကြောင်း ပေါ်လွင်နေသည်။ မိမိတို့ ဆောင်ရွက်ရမည့် တာဝန်သည် မည်မျှလေးနက်ကြီးမားကြောင်း ထင်ရှားစွာ သိမြင်နိုင်သည်။

သို့ဖြစ်သည့် အားလျော်စွာ သင်တန်းဆင်းလူငယ်တို့သည် ဤအနှစ်သာရကို ကောင်းစွာသိရှိနားလည် သဘောပေါက်ပြီးလျှင် နိုင်ငံတော် ဝန်ကြီးချုပ်၏ မှာကြားချက်များ၊ သင်တန်းမှ ပို့ချပေးသည့်ဘာသာရပ်ဆိုင်ရာ အသိပညာများကို မိမိတို့၏ကိုယ်ပိုင်အရည်အချင်းတို့ဖြင့် မှန်မှန်ကန်ကန် ပေါင်းစပ် ကျင့်သုံးသွားရန်လိုအပ်သည်။ ထိုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြလိမ့်မည်။ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု ပိုမိုတောင့်တင်းခိုင်မာလာစေရေးအတွက် ကြိုးပမ်းနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မိုးရာသီသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၅**

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှခေါင်းဆောင်များနှင့် မြို့နယ်သစ်တော ဦးစီးဌာန၊ မြို့နယ် တာဝန်ခံ ဦးကိုကိုထွန်းတို့ ဦးဆောင်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုပေါင်း၍ သစ်ဆိမ့်၊မဟော်ဂနီနှင့် ကွမ်းသီး အပင်ပေါင်း ၅၀၀ကျော်ကို ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု အောင်ချမ်းသာဘုန်းတော်ကြီးပညာသင်ကျောင်းဝင်းအတွင်းတွင် စိုက်ပျိုးကြကြောင်း သိရသည်။ **(ယာပုံ)** **(ဝ၈၅)**

## ရှင်သာမဏေ ဓမ္မဗိမာန် သမထဝိပဿနာသင်တန်း

**ရန်ကုန် ဇူလိုင် ၅**

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်တွင် ခုနစ်ရက်တရားစခန်း သမထဝိပဿနာသင်တန်းကို ဇူလိုင် ၈ရက်မှစ၍ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတွင် အနာဂါမ်ဆရာသက်ကြီးနည်းအရ ဒလအံ့ကြီးလယ်တီမူ ဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ဦးဆောင်ပို့ချမည် ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် ဇူလိုင် ၅**

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအား အသင်းတည်ရှိရာ အမှတ်(၆၃)၊ ပထမထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်တွင် ဇူလိုင် ၂၅ရက် နံနက် ၅နာရီတွင် ကျင်းပပြီး လပွတ္တာမြို့တွင် ဇူလိုင် ၃၁ရက်တွင် ဆက်ကပ်မည်ဖြစ်ရာ လှူဒါန်းလိုသည့် သင်္ကန်းများအား ဖုန်း-၂၂၂၀၈၈ အသင်းတိုက်သို့ ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

**ဇွန် ၂၈ရက်က ကြည့်မြင်တိုင် သာစုအရှေ့ ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဝသန်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးငွေလွင်နှင့် ရပ်မိရပ်ဖ ဦးသိန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်ပြန်/ဆက်)

## မင်းဘူးခရိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၅**

မင်းဘူးခရိုင်အသင်း (ရန်ကုန်)၏ (၅)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲအား မင်းဘူးခရိုင်နွယ်ဖွား ဆရာ တော် ဦးဃောသိကအမှူးပြုသောသံဃာတော် ၁၀ပါးတို့အား ပင့်ဖိတ်လျက် ဇူလိုင် ၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ဗဟန်း မြို့နယ်ကြားတောရလမ်း ကုန်သွယ်/လယ်ယာ ဓမ္မာရုံတွင် ကျင်းပမည် ဖြစ်သည်။

မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ဆင်ဖြူကျွန်းမြို့နယ်များမှ ခရိုင်သူ၊ ခရိုင်သားများ အသင်းသားမိသားစုများ စုံညီစွာ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသောစေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဝင်းဖေ(ဆ/မ) ဖုန်း-၅၁၂၄၈၂ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်) ဖုန်း-၅၈၀၈၄၁နှင့် ဗိုလ်မှူးတင့်ဝေ(ရေ)(ငြိမ်း)တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ညီနောင်ထုရဲ့ အမျိုးသားညီလာခံ

❄ ခိုင်မြဲလက်တို့
မခွဲတစ်သက်
တွဲဆက်စေရန်ပေ။

❄ ဝေဖန်ပြု 'ရွှေခေတ်'မျှော်တွေးလို့
အခြေခံဥပဒေ ဖြစ်ပေါ်ရေး
ညြော်- ဆွေးနွေးကာ ကြံဆနေ။

❄ ရန်စသလေ နိုင်ငံခြား မီဒီယာတွေက
'မခိုင်' 'မမှန်' 'အမှား' အဖျင်းစကား 'လေ'နဲ့
ဒင်းကများ ကျုပ်တို့ကို ဖွတ်ကြားမှတ်ရော့သလား
မကျွတ် တရားနဲ့ ပလီစိကြံဖန်။

❄ ပကတိအမှန် တကယ်ကြုံလာတော့
နယ်တကာအစုံက
အရွယ် အလွှာ အကုန်ပါဝင်လျက်
အချက်ပိုင်စွာ ပြုထိုက်သမျှအရေးကိုလ
သက်ဆိုင်ရာ အစုအဖွဲ့အလိုက် အသေးစိတ်အခြေခံမူများ
အမွေချန် 'ချစ်သားမြေး၊ မြစ်'တို့အတွက်
အရှည် စံရစ် ထားပေးဖြစ်ဖို့
အသစ်သော အကြံဉာဏ်များနှီးနှောလို့
တစ်နည်းပြောရရင်
ပြည်ထောင်စုအကျိုးပွားစည်လာရန်
ရည်ဆောင်ပြု တိုးပွားရည်ကာကြံ
ညီနောင်ထုရဲ့ အမျိုးသားညီလာခံ။ ။

(မဟာကျော်(မြဝတီ))

*စာမျက်နှာ ၃ မှ*

ဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံတော်အတွင်းရှိ ပြည်သူများလူနေမှုဘဝ အဆင့်အတန်းပိုမိုမြင့်မားတိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည့်အတွက် မိမိတို့ အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

ယခု မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ တင်ပြချက်အရ မတ္တရာမြို့နယ်အနေဖြင့် စိုက်ပျိုးရေးအပြင် ဒေသစီးပွားရေးအတွက် အခြား စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန် သဘာဝအခြေအနေများပေးသည့် မြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မတ္တရာမြို့နယ်သည် ဒေသဝမ်းစာဖူလုံပြီး စားသုံးဆီနှင့် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုများမှာလည်း များစွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်လည်း မြို့နယ်အတွင်း နေထိုင်ကြသူများ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာနေခြင်းဖြစ်သည်ကို တွေ့မြင်နေကြရကြောင်း။

မတ္တရာမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသူများအနေဖြင့် ယခုကဲ့သို့ တိုးတက်ဖြစ်ပေါ်မှုများအပေါ် ကျေနပ်နှစ်သိမ့်မနေကြဘဲ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများဘက်ကလည်း ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပြည်သူများအနေဖြင့် ပြည်ထောင်စုကြီးအကျိုးစီးပွားအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး (မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်မြင့်မြို့တော်ဆေးရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

**ဖြည့်စွက်တင်ပြ**

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခုတင် ၃၀၀ သင်ကြားရေးဆေးရုံ(မန္တလေး)သို့ ရောက်ရှိကြရာ ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အရိုးအထူးကုဆေးရုံကြီး တည်ဆောက်မည့်နေရာကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားပြီး တည်ဆောက်ဆဲအဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လူနာဆောင်ရှိ လူနာများအားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

**ဆက်လက်ကြိုးစား**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး ICT Park သို့ ရောက်ရှိ ကြပြီး IT ဆိုင်ရာ ကုမ္ပဏီများ၏ ကွန်ပျူတာသင်တန်းခန်းမများ၊ IT ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ပြခန်းများနှင့် အရောင်းခန်းမများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က IT လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာတိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက် ကြိုးစားဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ အဝင် မုခ်ဦးရှေ့၌ A.C.E ဆောက်လုပ်ရေး ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက တက္ကသိုလ် တည်ဆောက်ရေး ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းဆေးတက္ကသိုလ်ကို မြန်မာမှုသရုပ်ပီပြင်စေမည့်ဆောင်ရွက်မှုများဖြင့် အဆင့်မြင့်တည်ဆောက်ရေးတာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

# ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတော် ပြင်သစ်နိုင်ငံ ပါရီမြို့၌တည်ဆောက်ရန် အလှူငွေများပါဝင်လှူဒါန်းနိုင်ကြ

ရန်ကုန် ဇူလိုင် ၅

**ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတော် တည်ဆောက်နိုင်ရန် ပြင်သစ်သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိထံမှ ဩဝါဒခံယူပွဲကို ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိတိပိဋကဓမ္မရက္ခိတ ဗိမာန်တော်၌ကျင်းပရာ ပြင်သစ် သာသနာပြုဆရာတော်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပထမဦးဆုံးပေါ်ပေါက်လာမည့် ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတော်ကြီးဆောက်လုပ်ရန် အလှူငွေ ဒေါ်လာတစ်သိန်းရှစ်သောင်းကျော် ရရှိနေပြီဖြစ်ကြောင်း၊ ထပ်မံ၍ လိုအပ်လျက်ရှိသည့် အလှူငွေများ ရရှိရန် မြန်မာနိုင်ငံမှ စေတနာရှင်ပြည်သူများအနေဖြင့် ကုသိုလ်ပြုလှူဒါန်းကြရန်ဖြစ်ကြောင်း ရှင်းလင်းမြွက်ကြားသည်။**

**ပြန်လည်ပေးအပ်**

ထို့နောက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတော် တည်ဆောက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ဦးမောင်မောင်မြင့်နှင့် ဦးမျိုးမြင့်–ဒေါ်မြင့်မြင့်သိန်း(စိန်များဆေးပေါ့လိပ်)ပဲခူးမြို့တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါက်တာဦးအောင်ချို–ဒေါ်သီတာဦး မိသားစု(စမ်းချောင်း)က ငွေကျပ်တစ်သိန်းတစ်သောင်း၊ဒေါ်ကြည်ကြည်ဟန် မိသားစုနှင့် ဦးအေးထွန်း (အုပ်ချုပ်မှုဒါရိုက်တာ၊ အောင်သိန်းသန်းကုမ္ပဏီလီမိတက်)တို့က ငွေကျပ်တစ်သိန်းစီ၊ ကျန်အလှူရှင် လေးဦးတို့က ငွေကျပ်တစ်သောင်းစီတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောင်းတော်ကြီး တည်ဆောက်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက စီးပွားကူးသန်းဂျာနယ်၊ အိမ်ရှင်မဂျာနယ်၊ အလင်းတန်းဂျာနယ်၊ အကျိုးဆောင်ဂျာနယ်နှင့် ပန်းသတင်းဂျာနယ်တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ သစ်တောဦးစီးရုံးချုပ်၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

**အင်းစိန် အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးရုံးချုပ် တော်ဝင်ခန်းမတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ မိတ်ဆက် အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်ဌေးမြင့်က မြန်မာနိုင်ငံ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော် ဖြစ်သော အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး "အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး စာမေးပွဲစစ်ဆေးနေမှုကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၅**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူကျင်းပသော ရာထူးရွေးချယ်ရေး အရည်အချင်းစစ်စာမေးပွဲကျင်းပရာ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ခြောက်ထပ်ရုံးခန်းမသို့ ရောက်ရှိပြီး စာမေးပွဲစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ ဝန်ကြီးဌာန ၁၈ ခုက အဆိုပြုထားသော အရာရှိလစ်လပ်ရာထူးနေရာများအတွက် ကြော်ငြာ ၂၇ စောင် ထုတ်ပြန်ကာ လျှောက်လွှာများကို ခေါ်ယူခဲ့ပြီး အရည်အချင်းစစ်စာမေးပွဲ ၁၀ ကြိမ်စီကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ စာစစ်ဌာန နှစ်ခု ခွဲ၍ ကျင်းပခဲ့ကြောင်း၊ အဆိုပါ အရည်အချင်းစစ်စာမေးပွဲများသို့ လျှောက်လွှာရှင် ၆၀၈၇ ဦးတို့ ဝင်ရောက် ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၅**

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာ လကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၁၁)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီးဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ ဇူလိုင် ၁၆ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆ နှင့် ၀၅၆–၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်ရက်တွင် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇူဗြဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

# တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဇူလိုင် ၅**

ဦးကိုလေး (နဒီပန်ဒါ အီလက်ထရွန်နစ်) သည် ကစားဖော်များဖြစ်ကြသော ဦးလူဇော်၊ ဦးထင်ဝင်းထွန်း၊ ဦးစိန်သန်း၊ ဦးဇော်ဝင်း၊ ဦးကျော်သူရတို့နှင့်အတူ ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း ဟံသာဝတီ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်စားရာ Precept ဂေါက်သီးဘောလုံးကို Toru Edge Iron (7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၁ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၅**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယအကြိမ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အသင်းဝင်အသင်းများမှ နာယကများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝန်ထမ်းများ၊ အသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာများ၊ အသင်းချုပ်၏ ပုဂ္ဂလိက တစ်ဦးချင်း အသင်းဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း၊အမျိုးသားနှစ်ယောက်တွဲ၊အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲအမျိုးအစားကို ဖော်ပြ၍ ပြိုင်ပွဲဝင်ပုံစံကို ဖြည့်စွက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း ကျောက်တံတားမြို့နယ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘုရင့်နောင်ဈေးဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၅**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၀ ရက်(အဖိတ်နေ့)တွင် ဈေးကြီးမှ သိန်း ၄၅၀ ကျော်ဖြင့် စုပေါင်းဆောက်လုပ်လှူဒါန်းထားသော ဉောင်သုံးပင် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်အပါး ၈၀ တို့အား ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲကိုလည်း ကျင်းပမည်ဖြစ်ရာ သင်္ကန်းနှင့် သွေးလှူဒါန်းလိုသူများသည် ဈေးသာယာရေးရုံးခန်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေး

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့

၂၀၀၄ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိ

# မုန်းချောင်းတမံဘက်စုံစီမံကိန်း ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်စစ်ဆေး လုပ်ငန်းများသတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးမှာကြား

ရန်ကုန် ဇူလိုင် ၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဇူလိုင် ၃ရက်က မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့ မြောက်ဘက်၌ရှိသော မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ၆၇၄၄၀၀ ရေဝင်ရရှိမှုအခြေအနေ၊ ရေလှောင်တမံနှင့် ဆက်နွှယ်သည့် ဆည်မြောင်းအဆောက်အအုံများပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် အချင်း ၈၇ပေ၊ အနက် ၂၂၂ပေရှိသည့် ဖိအားလျှော့ရေလှောင်ထိန်းစည် အချောကိုင်လုပ်ငန်း၊ ရေလှောင်ထိန်းစည်၏ အတွင်းပိုင်း လိုင်နင်ကွန်ကရစ်လောင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်ရေအားလျှပ်စစ်ဥမင်လိုဏ်ရှေ့ပိုင်း၌ တည်ဆောက်ပြီး ရေယူအဆောက်အအုံကိုလည်းကောင်း၊ ပင်မရေပိုလွှဲ (Main Spillway)မှ ကန်ရေပြည့် သိုလှောင်ပြီး ပိုလျှံရေများစီးဆင်းမှု၊ ပင်မရေပိုလွှဲ၏ ရေဝင်ထိပ်ပိုင်းတွင် စက်ယန္တရားများဖြင့် ချဲ့ထွင်ဆောင်ရွက်နေမှု၊ ရေထွက်မြောင်းချဲ့ထွင်ဖောက်လုပ်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေပိုလွှဲ အမှတ်(၁)DROP(1) နှင့် ရေပိုလွှဲ အမှတ်(၂) DROP(2)တို့ကို ကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲများနှင့် မုန်းချောင်းအကြား ရေထွက်မြောင်းချဲ့ထွင်မှု၊ ရေပိုလွှဲများ၏ တောင့်တင်းခိုင်မာမှု၊ ရေထွက်ကောင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**အချိန်မီ**

ထို့နောက် ဝန်ကြီးသည် လျှပ်စစ်ဖိအားမြှင့်ပြွန်(PEN-STOCK)များထည့်သွင်း တည်ဆောက်ထားသည့် ဥမင်လိုဏ်သုံးခု (PEN°-°STOCK TUNNELS)ကွန်ကရစ်လောင်းပြီးစီးမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ အချိန်မီပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မတမံနှင့် ဆက်စပ်ဆည်မြောင်း အဆောက်အအုံများကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေး၍ တည်ဆောက်ရေး (၈) ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာများအား လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာဖြင့် သတ်မှတ်ထားသည့်ရက်အတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း စလင်းမြို့နယ် တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာဖြစ်သည့် နတ်တပ်စခန်းနယ်မြေ၌ မိုးကြိုချည်မျှင်ရှည်ဝါ ဧက၅၀ ကို မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းနှင့် ဒေသအတွင်းရှိ ဝါစိုက်တောင်သူများ ပူးတွဲ ဆောင်ရွက်သည့် မျိုးကောင်း မျိုးသန့် ဝါမျိုးစေ့ ထုတ်လုပ်မှုစိုက်ကွင်းသို့ ရောက်ရှိ၍ တောင်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဝါမျိုးသန့်ပွားများရေး၊ မျိုးသန့်ဝယ်ယူရေး မှာကြားပြီး ဝါစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

**စပါးခင်း**

ထိုမှတစ်ဆင့်ဝန်ကြီးသည်မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာဘုရားအနီးရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ရေပေးတူးမြောင်းများဖြင့် ရေပေးမှု၊ ဧရာဝတီမြစ်မှ ရေတင်မှု၊ ပင်မရေပေးမြောင်းများနှင့် ရေသောက်ဧရိယာ၌ စိုက်ပျိုးထားသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ညွန့်တင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်ပြီးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၆-၇-၂၀၀၄**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၆။ | ကဗျာပန်းဥယျာဉ် |
| ၈း၁၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar made easy |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | တေးဂီတအစီအစဉ် |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ) |
| ၁၇း၀၀ | ၅။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇း၃၀ | ၇။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈း၁၅ | ၈။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၄) |
| ၁၈း၃၀ | ၉။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၁။ | သားငါးဖွံ့ဖြိုး ပြည့်အကျိုး |
| ၁၉း၂၀ | ၁၂။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၁၉း၃၅ | ၁၃။ | ကျေးလက်ဒေသတစ်ခွင် အလှဆင် |
| ၁၉း၄၅ | ၁၄။ | လှပစုံလင် အင်းလျားကန်တစ်ခွင် |
| ၂၀း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၂) |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# အထူးအထွက်ကောင်း ရွှေရင်အေးနွေစပါးရိတ်သိမ်း ငွေတောင်စိုက်ကွင်း၌ တစ်ဧက ၁၆၂ ဒသမ ၅၀ တင်းထွက်ရှိ

ရန်ကုန် ဇူလိုင် ၅

**ကယားပြည်နယ် ဒီမောဆိုမြို့နယ် ရွှေရင်အေးနွေစပါးရိတ်သိမ်းပွဲကို ဇူလိုင် ၂ရက်မွန်းလွဲ ၁နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငွေတောင်စိုက်ကွင်း၌ ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ပတ်ဝန်းကျင် ကျေးရွာများမှဒေသခံတောင်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်လတ်က ရွှေရင်အေးစပါး စိုက်ပျိုးခဲ့မှု၊ ယခုနှစ်မိုးရာသီတွင် ရွှေရင်အေးစပါးကျယ်ပြန့်စွာ စိုက်ပျိုးရေးနှင့် ရွှေရင်အေးစပါးအထွက်နှုန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ငွေတောင်စိုက်ကွင်းတာဝန်ခံ ဦးဌေးရှိန်က စိုက်ကွင်းအတွင်း ရွှေရင်အေးစပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်မှုအခြေအနေများကိုလည်းကောင်း၊ ဒီမောဆိုမြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဌေးနိုင်က ရွှေရင်အေးစပါးအပါအဝင် မျိုးစေ့အရည်အသွေး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ခေါင်နှံများ မျိုးပွားနည်းစနစ်များ၊ ခေါင်နှံရယူ စိုက်ပျိုးမှုနည်းစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော တောင်သူလယ်သမားများကသိလို၍ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လက်တွေ့ပြသထားရှိသည့် ခေါင်နှံမျိုးရွေးချယ်မှု၊ ရွှေရင်အေးဧကကွက် ရိတ်သိမ်းမှု **(အပေါ်ပုံ)**နှင့် ခြွေလှေ့မှု**(ယာပုံ)**များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

ငွေတာင်စိုက်ကွင်း၏ ရွှေရင်အေးနွေစပါး တစ်ဧကအတွက် ရိတ်သိမ်းချွေလှေ့ရာတွင် ၁၆၂ ဒသမ ၅၀ တင်းထွက်ရှိကြောင်း သိရှိရသည်။

ရွှေရင်အေးစပါးသည် ဧည့်မထအုပ်စုဝင် သက်လတ်စပါးဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ ဒေသကြိုက်ဆန်အမျိုးအစားဖြစ်ခြင်း၊ စားသုံးမှုကောင်းမွန်ခြင်းနှင့် မျိုးအဖြစ် ဆက်လက်အသုံးပြုနိုင်ခြင်းတို့ကြောင့် တောင်သူများ အထူးစိတ်ဝင်စားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဇ္ဈိမဒေသရှိသံဃာတော်များသို့ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၅

အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများတွင် တည်ရှိသော မြန်မာဘုန်းတော်ကြီးကျောင်းများနှင့် တက္ကသိုလ်အသီးသီးတွင် ဘာသန္တရစာပေများကို ဆည်းပူးသင်ယူနေကြရပါသော ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်းသံဃာတော်များအတွက် ဝါဆိုသင်္ကန်းလှူများကို (၂၆)ကြိမ်မြောက်အဖြစ် ဇူလိုင်၂၉ရက် နံနက်ပိုင်း နောက်ဆုံးထား၍ အကျိုးတော်ဆောင် သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင်တင်ဦးညို ဖုန်း ၀၁-၅၄၂၂၃၆၊ ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆နှင့် ၀၁-၅၅၅၁၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

● *ကျောဖုံးမှ*

ဂရိအသင်းသည် ယခုကဲ့သို့ ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲသွားခြင်းသည် ပထမဆုံးအကြိမ်ဗိုလ်စွဲနိုင်ခြင်းဖြစ်၍ ဥရောပဖလားဘောလုံးပြိုင်ပွဲသမိုင်း၌ ချန်ပီယံအသစ်ပေါ်ထွက်လာပြီဖြစ်သည်။ ဂရိအသင်းနည်းပြ ဂျာမန်လူမျိုး အော့တိုရီဟာဂျယ်သည် နိုင်ငံခြားသားနည်းပြတစ်ဦးက တာဝန်ယူပြီး ပထမဆုံးအကြိမ်ဗိုလ်စွဲအောင် စွမ်းဆောင်ပေးနိုင်သူဖြစ်သွားသည်။ ယခင်ဥရောပဖလားဘောလုံးပြိုင်ပွဲများတွင် ဗိုလ်လုပွဲ၌ အိမ်ရှင်အသင်းကို အနိုင်ရသူမရှိခဲ့ရာ ဂရိအသင်းသည် ပထမဆုံးအကြိမ် အိမ်ရှင်ကို အနိုင်ရရှိပြီး ဗိုလ်စွဲသည့်အသင်းအဖြစ် မှတ်တမ်းဝင်သွားစေခဲ့သည်။ ဂရိနိုင်ငံအေသင်မြို့သည် ၂၀၀၄ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ယခုကဲ့သို့ ဂရိအသင်း ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့် အိမ်ရှင်ဂုဏ်သိက္ခာ မြင့်တက်သွားခဲ့ရသည်။

**တိုက်စစ်ဖွင့်**

ဂရိအသင်းသည် ယခင်ပွဲများ၌ ပွဲအစအဆုံး ခံစစ်အဓိကအားပြုကစားသော်လည်း ယခုပွဲတွင် တိုက်စစ် ဖွင့်ကစားရာ ပေါ်တူဂီနောက်တန်းလူများ မဟန့်တားနိုင်ဘဲ ဂိုးပေးရလုလု အခြေအနေများရှိခဲ့သည်။ ပေါ်တူဂီအသင်း ဂိုးသမား ရီကာဒိုသာ မကာကွယ်နိုင်လျှင် ဂိုးပေးရဖွယ်ရှိသည်။ ပေါ်တူဂီအသင်းမှ ပေါ်လက်တာ ကန်သွင်းသည့် ဘောလုံးကို ဂရိဂိုးသမား ကာကွယ်နိုင်ခဲ့သလို အလယ်တန်းလူ မန်နစ်ချ် ထောင့်ကန်ဘောမှတစ်ဆင့်ကန်သွင်းရာတွင်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွားသည်။

ပေါ်တူဂီအလယ်တန်းလူများ ဘောလုံး ဆွဲယူလာလျှင် ဂရိအသင်းက နှစ်ဦးခန့် ဝိုင်းရံပိတ်ဆို့ ကာကွယ်ထား၍ ဘောလုံးကောင်းစွာမဖြန့်နိုင်ခဲ့ပေ။ ပေါ်တူဂီမှ ဒေကိုနှင့် ခရစ္စတီယာနိုရော်နယ်ဒိုတို့ တစ်ဦးချင်း ဆွဲထွက်ရန် ကြိုးစားမှုကိုလည်း ဂရိအသင်းက လူကပ်ကစားထားရာ ကြံ့ခိုင်မှုကောင်းသည့် ဂရိကစားသမားများ အသာစီးရရှိခဲ့သည်။

**တစ်လုံးတည်းသောဂိုး**

ပေါ်တူဂီအသင်းသည်ပထမပိုင်း၌ ဦးဆောင်ဂိုးမသွင်းနိုင်သဖြင့် ထင်တိုင်းမပေါက်ဖြစ်ကာ ဒုတိယပိုင်း၌ စိုးရိမ်စိတ်ဝင်နေပြီး ကစားကွက် မတည်နိုင်ဘဲ ဖြစ်နေသည်။ ဂရိအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အန်ဂျလိုခရစ္စတီးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဂရိအသင်းသည် ကွာတားဖိုင်နယ်၌ လက်ရှိ ချန်ပီယံပြင်သစ်ကို အနိုင်ရရှိခဲ့ရာ အန်ဂျလိုခရစ္စတီးက ယခုကဲ့သို့ပင် တစ်လုံးတည်းသော အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။

ဂရိအသင်းသည် ပွဲဦးထွက်၌ ပေါ်တူဂီကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်သည့်ပွဲမှလွဲလျှင် ကျန်ပွဲစဉ်များ၌ တစ်ဂိုးစီသာ သွင်းယူခဲ့သည်ကို တွေ့ရသည်။ အကြိုဗိုလ်လုပွဲ၌ ချက်ကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည့်ပွဲ၌ အနိုင်ဂိုးကို ဒဲလက်စ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီနှင့် ဂရိတို့၏ ဗိုလ်လုပွဲတွင် ပေါ်တူဂီက ထောင့်ကန်ဘော ၁၀ ကြိမ်ရရှိပြီး ဂရိက တစ်ကြိမ်သာရရှိခဲ့သည်။ ဂရိအသင်းက တစ်ကြိမ်တည်းသာရရှိသော ထောင့်ကန်ဘောကို တစ်ဂိုးရရှိအောင် (One Chance One Goal)သွင်းနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် တစ်ဂိုး အသွင်းခံရပြီးနောက် စိုးရိမ်စိတ်ဝင်ကာ အမှားများပြီး လူကျွံဘော မကြာခဏဖြစ်နေသည်။ ဂရိအသင်းက ဒုတိယပိုင်း၌ ဂီယန်နာကိုပေါလက်အစား ဗင်နစ်တိုက်ဒစ်၊ ဗာရီဇတ်စ်အစား ပါပါဒိုပေါလက်တို့ကို လူစားလဲကစားခဲ့သည်။ ဂရိအသင်းက တစ်ဂိုးရရှိပြီးနောက် ခံစစ်အထိုင်ချကစားပြီး ခပ်ကြမ်းကြမ်းကစားလာ၍ ပေါ်တူဂီတို့ အခက်တွေ့ခဲ့ရသည်။

**အချိန်နှောင်း**

ပေါ်တူဂီအသင်းက ဒုတိယပိုင်း၌ ကော်စတင်ညာအစား ရူအီကော်စတာ၊ ပေါ်လက်တာအစား နူနိုဂိုမက်စ်တို့ကို လူစားလဲခဲ့သော်လည်း အချိန်နှောင်းသွားပြီဖြစ်သည်။ ပွဲပြီးကာနီးတွင် ကာဗယ်ဟိုနှင့် လူးဝစ္စဖီဂိုတို့၏ ကန်သွင်းချက်များကို ဂရိဂိုးသမား နီကိုပိုလိုင်ဒစ် အစွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဂရိဂိုးသမားနီကိုပိုလိုင်ဒစ်သည် ပွဲစဉ်တိုင်း၌ တည်တည်ငြိမ်ငြိမ် အစွမ်းပြနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် အကောင်းဆုံးလက်စွမ်းပြသွားသည်။ ဂရိအသင်းသည် အိမ်ရှင်ပေါ်တူဂီကို အနိုင်ရရှိသွားရာ ပွဲအပြီးတွင် ဆုဖလား ကိုင်မြှောက်ပြီး အောင်ပွဲခံနိုင်ခဲ့သည်။ ။

**(မြန်မာ့အလင်း)**

**အိမ်ရှင်ပေါ်တူဂီနှင့် ဂရိတို့၏ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ဂရိအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး အန်ဂျလိုခရစ္စတီးက ထောင့်ကန်ဘောမှတစ်ဆင့် ဤသို့ခေါင်းတိုက်သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)**

**ပေါ်တူဂီနည်းပြ စကိုလာရီအား ဂရိနည်းပြ အော်တိုရီဟာဂျယ်က ဤသို့ နှစ်သိမ့်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)**



**ပေါ်တူဂီအသင်း နည်းပြစကိုလာရီက ခရစ္စတီယာနိုရော်နယ်ဒို အား ဤသို့ နှစ်သိမ့်အားပေးစကား ပြောကြားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)**

# အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲဆက် ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းအကြိုဗိုလ်လုပွဲတက်

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ကမ္ဘောဇအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ဘဏ္ဍာ/အခွန်နိုင်**

ပထမဂိုးကို ပွဲချိန် ၂၅မိနစ်တွင် တိုက်စစ်မှူး ရန်ပိုင်၊ ဒုတိယဂိုးကို ပွဲချိန်မိနစ် ၅၀တွင် မျိုးလှိုင်ဝင်း၊ တတိယဂိုးကို မိနစ် ၆၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ထွန်းထွန်းဝင်း၊ စတုတ္ထဂိုးကို မိနစ် ၇၀တွင် စိုးမြတ်မင်း၊ ပဥ္စမဂိုးကို ပွဲချိန် ၇၅မိနစ်တွင် အောင်ဟိန်းလတ်၊ ဆဋ္ဌမဂိုးကို ပွဲချိန်မိနစ် ၉၀ တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ထွန်းထွန်းဝင်းတို့က သွင်းယူခဲ့သည်။

**စီးပွား/ကူးသန်းနိုင်**

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသော ကွာတားဖိုင်နယ်ပွဲစဉ်တွင် စီးပွား/ကူးသန်းအသင်းက မြို့တော်စည်ပင်အသင်းကို နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို မျိုးမင်းထွန်း(ပယ်နယ်တီ)နှင့် မာလတို့က သွင်းယူပေးသည်။ မြို့တော်စည်ပင်အသင်းအတွက် အောင်ထွေးမောင်က တစ်ဂိုးသွင်းယူသည်။

**ယနေ့ပွဲ**

ဇူလိုင်၆ရက်(ယနေ့) ညနေ၃နာရီခွဲတွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာထွက်ကုန်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

**အိမ်ရှင်ပေါ်တူဂီနှင့် ဂရိပွဲတွင် ဂရိအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးခဲ့သူ အန်ဂျလိုခရစ္စတီး ယူရိုဖလားကိုင်မြှောက်၍ ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)**

# ယူရို ၂၀၀၄ ဗိုလ်လုပွဲအပြီး နှစ်ဖက်အသင်းမှ နည်းပြများ၏ ပြောကြားချက်ကောက်နုတ်ချက်

**ရန်ကုန် ဇူလိုင် ၅**

ပေါ်တူဂီနည်းပြ စကိုလာရီက ဗိုလ်လုပွဲ၏ရလဒ်အပေါ် မိမိမပျော်ရွှင်နိုင်ခဲ့ကြောင်း၊ ဂရိအသင်း၏ အလွန်ကောင်းမွန်သော နောက်တန်းနှင့် မိမိတို့ရင်ဆိုင်ခဲ့ရပြီး မိမိတို့၏အမှားတစ်ချက်မှ ဂိုးပေးခဲ့ရကြောင်း၊ ဂရိအသင်းယခုလောက်ကောင်းမည်ဟု မိမိမမျှော်လင့်ခဲ့မိကြောင်း၊ ဂရိအသင်း၏ စွမ်းဆောင်အောင်မြင်မှုကို မိမိချီးကျူးဂုဏ်ယူပါကြောင်း၊ ပေါ်တူဂီအသင်း ယူရို ၂၀၀၄၌ ဗိုလ်မစွဲနိုင်ခြင်းကြောင့် ပေါ်တူဂီပရိသတ်များကို မိမိတောင်းပန်ပါကြောင်း၊ နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများ၌ ပေါ်တူဂီအသင်း အောင်မြင်မှုရရှိရေး မိမိကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၆၅)နှစ်အရွယ်ရှိ ဂျာမန်လူမျိုး ဂရိနည်းပြ အော့တိုရီဟာဂျယ်က ယနေ့သည် ဂရိဘောလုံးလောကအတွက် အလွန်မင်္ဂလာရှိသောနေ့ဖြစ်ကြောင်း၊ ဂရိအသင်းအနေဖြင့် သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ ဂရိအသင်းသားများကို ဂရိပြည်သူများက ဂုဏ်ပြုရန် လေဆိပ်မှ စောင့်စားနေကြမည်ဖြစ်ကြောင်း၊ ဂရိအသင်းမှ ကစားသမားများ အနေဖြင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းအပေါ် ပြောစရာ စကားမရှိလောက်အောင်ပင်ဖြစ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

# မြန်မာ–ဂျပန်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်၌ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၅**

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့၏ ကြီးကြပ်စီစဉ်မှုဖြင့် T&T Group က တာဝန်ယူကျင်းပမည့် မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် ကြိုတင်လက်မှတ်များကို အောင်ဆန်းအားကစားပြိုင်ကွင်း (အထူးတန်းပွဲကြည့်စင်ရှေ့)၊ Sport Bar Restaurant (ဗိုလ်တထောင်ကမ်းနားလမ်းနှင့် သိမ်ဖြူလမ်းထောင့်)၊Play Boy Restaurant (စမ်းချောင်းမီးပွိုင့်အနီး၊ ပြည်လမ်း)နှင့် Hero Restaurant(မင်းဓမ္မလမ်း)တို့၌ ရောင်းချပေးလျက်ရှိသည်။ ဝင်ကြေးအဖြစ် ရိုးရိုးတန်း ငွေကျပ် သုံးထောင်၊ အထူးတန်း ငွေကျပ် ငါးထောင် သတ်မှတ်ထားကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

6-7 (13).p65 1 03/24/1905, 9:39 AM

## သမဝါယမနေ့အခမ်းအနားကျင်းပ ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၅

**၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ရန်ကုန် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဇူလိုင် ၃ ရက် နံနက်၉နာရီတွင် ကျင်းပရာ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး စိုးဝင်းက ဝန်ကြီး၏ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့သောသဝဏ်လွှာကို သမဝါယမအသင်း ဦးစီးကော်မတီဝင် ဒေါ်တိုးနန္ဒာတင်က ဖတ်ကြားသည်။

၎င်းနောက် ရန်ကုန် သမဝါယမ ဒီဂရီကောလိပ်နှင့် သမဝါယမဒီဂရီကောလိပ်(ဖောင်ကြီး)တို့မှ ၂၀၀၃ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသူကျောင်းသားများအား အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း**(အပေါ်ဝဲပုံ)**က ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန်ပက်လက်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းဖွင့်

**ရန်ကုန် ဇူလိုင် ၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ် ကန်ပက်လက်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းဖွင့်လှစ် ပွဲနှင့် အခြေခံအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ကန်ပက်လက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပညာ ရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းရှိန်၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံယဉ်ကျေးမှုအဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလမှာရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် ဒေသခံ ချင်း တိုင်းရင်းသူ ၃၀သင်တန်း တက်ရောက်ကြကာ စက်ချုပ်ပညာ၊ လက်မှုပညာ၊ အစားအစာပြုလုပ်နည်းနှင့်အအေးပိုင်းဒေသ လိုအပ်ချက်အရ သိုးမွေးထိုးစက်ဆွဲပညာရပ်ကို အဓိကထားသင်ကြားသွားမည်ဖြစ်သည်။ချင်းပြည်နယ်ဒေသ ဖွံ့ဖြိုးရေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအိမ်တွင်းမှု သင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ကန်ပက်လက် အိမ်တွင်းမှု သင်တန်းကျောင်း အပါအဝင် စုစုပေါင်းအိမ်တွင်းမှု သင်တန်းကျောင်းခြောက်ကျောင်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွက်ကျားမိုး

**မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

## MCFနှင့်MEMIတို့၏ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ် ( MCF ) နှင့် Myanmar Economic & Management Institute (MEMI) တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Certified JAVA Professional Training Course-1နှင့် Advanced ICT Professional Training Course-3 သင်တန်းဆင်းပွဲတို့ကို ဇူလိုင် ၂ရက်နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ကျော်သိန်းနှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာန ပါမောက္ခ Myanmar Economic & Management Institute (MEMI) ၏ Co-chairmanဒေါက်တာဒေါ်နုနုယဉ်တို့က အမှာစကား ပြောကြားကြပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ် ချီးမြှင့်ကြသည်။ Certified JAVA Professional Training Course-1 သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅ဦး နှင့် Advanced ICT Professional Training Course-3 သင်တန်းသို့ သင်တန်းသားသင်တန်းသူ၃၀တို့ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**ဇူလိုင် ၅ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) အမက(၂၁) မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ချို့တဲ့ကျောင်းသားများ ပညာသင်ကြားနိုင်ရေးအတွက် အလှူငွေကျပ် ၁၉၀၀၀၀ကို အလှူရှင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)**




**ချစ်စမွယ်ကလေးငယ်နာမည်ပေးကြမယ်**

ဖုန်းသာဆက်လိုက်ပါ။ သင့်ရင်သွေးအတွက် ရေးမူမပျက် ခေတ်မီလှပသော နာမည်(၁၅)မျိုးကိုအမြန်ရွေးပို့လိုက်မယ်။ ကင်ပွန်းတပ်ရန်ရက်လည်း အခမဲ့ ရွေးပေးမယ်။ ကုမ္ပဏီများ နာမည်အထူးရွေးပေးသည်။

**ဆရာကြီး ရာဇာဇော်ဝင်း(LL.B)**

**တိုက်အမှတ်၂၃၀၊ပထမထပ်၊လမ်း၃၀၊အထက်ဘလောက်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၅၈၂၂။**


## ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T&Y Enterprise၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Port of Singapore Authorities. PSAဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသား)များ အလိုရှိပါသည်။

(က) **ကွန်တိန်နာယာဉ်မောင်း** – ၁၀၀ ဦး
- အသက် – ၂၀ မှ ၄၀ နှစ်
- ပညာအရည်အချင်း – ၈တန်းအောင်
- အခြားလိုအပ်ချက် – “C” အဆင့်ယာဉ်မောင်းလိုင်စင် ရှိထားပြီးဖြစ်ရမည်။
- အခြေခံလစာ – တစ်လ S$၅၅၀
- ဝန်ဆောင်ခ – S$ ၂၂၀၀နှင့်ညီမျှသော မြန်မာကျပ်ငွေ

(ခ) **စက်ပြင်(Mechanics)** – ၃၀ ဦး
- လျှပ်စစ်ကျွမ်းကျင် – ၃၀ ဦး
- အသက် – ၂၀ မှ ၃၅ နှစ်
- ပညာအရည်အချင်း – အေဂျီတီအိုင်(စက်မှု/လျှပ်စစ်စွမ်းအား)
- အခြားလိုအပ်ချက် – လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိပြီးဖြစ်ရမည်။
- အခြေခံလစာ – တစ်လ S$၈၀၀
- ဝန်ဆောင်ခ – S$၂၈၀၀နှင့်ညီမျှသော မြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်၊ တိုင်း အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးများတွင် ၁၂–၇–၂၀၀၄ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

## ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ ‘ပန်း’ ဒါန

⁜ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက် **“ထာဝရ ဒါန”** **“အရိပ်အလှူ ပန်းအလှူ”**ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⁜ **“မနာပ ဒါယီ လဘတေ မနာပံ”**
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⁜

| | | |
|---|---|---|
| အာရာမရောပ ဒါန | = | ပန်းပင် သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း |
| ဝန ရောပ ဒါန | = | အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း... တို့သည် |
| ဥပဿယ ဒါန | = | ဇရပ် တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း... နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း |

ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⁜ **“သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း”**

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း
ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင်
ဘက်စုံထောင့်စုံအာရုံညွတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက်
“အရိပ်ရပင်များ”“ပန်းအလှပင်များ”စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⁜ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန (နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရွက်ဆောင်ကြပါစို့။

⁜ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သောအပင်များကို
သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

**လိုအပ်သောအရေအတွက် တစ်ပင်နှုန်း(၅ပေ အမြင့်)**

| | | | |
|---|---|---|---|
| အရိပ်ရပင် – | ဆီအုန်း | ၃၂ | ကျပ် ၅၀၀၀၀ |
| | ကြိမ်ထန်း | ၁၇၉ | ကျပ် ၅၀၀၀ |
| | အုန်းငှက်ပျော | ၁၆ | ကျပ် ၁၅၀၀၀ |
| ပန်းအလှပင် – | ဗုဒ္ဓသရဏ | ၂၃၅၆၈၀ | ကျပ် ၅၀ |
| (Ground | ရွက်လှ | ၆၁၇၈ | ကျပ် ၁၅၀ |
| Cover) | ပိန်း | ၁၃၉၄ | ကျပ် ၂၀၀၀–၁၀၀၀၀ |
| | ရွှေဝါ | ၃၄၉၇ | ကျပ် ၁၂၀၀ |
| | ကြက်တူရွေး | ၅၈၈၇၅ | ကျပ် ၂၀၀ |
| | ခေါင်ရန်း | ၁၂၆၅၅ | ကျပ် ၁၅၀ |
| | ပုဏ္ဏရိုက်ကြီး | ၂၅၉၁၉ | ကျပ် ၅၀၀ |
| | စံပယ် | ၁၁၉၄၀ | ကျပ် ၂၅၀ |
| | ကြိမ်စပ် | ၈၀၀ | ကျပ် ၇၀၀ |
| | ဒန့်ဒကူး | ၁၃၇၁ | ကျပ် ၅၀၀ |
| | နဂါးစက်ဂမုန်း | ၈၅၀ | ကျပ် ၂၀၀ |
| | ပျိုမနိုင် | ၄၂၀ | ကျပ် ၂၀၀ |
| | ဗုဒ္ဓသရဏ(အရွက်နီ) | ၂၈၀၀ | ကျပ် ၂၅၀ |
| | ချင်းနီ | ၂၆၇၀ | ကျပ် ၂၅၀ |
| | ကိုင်းမြက် | ၂၈၀၀၀ | ကျပ် ၂၀၀ |
| | ကိုရုံလေး | ၁၅၈၆၀ | ကျပ် ၁၅၀ |
| | စလူ | ၂၀၉၅ | ကျပ် ၅၀၀ |
| | ယိုးဒယားပိစပ် | ၈၆၈၉၅၀ | ကျပ် ၅၀ |
| | ချင်းကြား | ၁၂၀၀ | ကျပ် ၂၀၀ |
| | ဝါးမြက် | ၈၉၉၉၅ | ကျပ် ၂၀၀ |
| | ပိတ်စွယ် | ၉၀၀၀၀ | ကျပ် ၂၀၀ |

**လှူဒါန်းရန်နေရာ** – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

**လှူဒါန်းရန်ကာလ** – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

**ဆက်သွယ်စုံစမ်းရန်** – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊ ၂၄၀၀၀၄)

**ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။**

# ကျေးလက်သတင်းနှင့် မြင်ကွင်း

## ကလေးမြို့နယ် ထိုမာစက်မှုလယ်ယာ စံပြကျေးရွာ တယ်လီဖုန်းဆက်သွယ်စကားပြောကြားနိုင်ကြပြီ

**ကလေး ဇွန် ၂၈**

ကျေးလက်တယ်လီဖုန်းစနစ်တည်ဆောက်ရေး အကောင်အထည်ဖော်မှု အစီအစဉ်တစ်ရပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စစ်ကိုင်းတိုင်း ကလေးမြို့နယ် ထိုမာစက်မှုလယ်ယာစံပြကျေးရွာတွင် ကျေးရွာပိုင်အဆောက် အအုံ၌ တယ်လီဖုန်းနှစ်လုံးကို တိုးချဲ့တပ်ဆင်ခဲ့သည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(အော်တို)မှ လက်ထောက်အင်ဂျင်နီယာ ဦးစိုးစိုးနှင့်ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ဇွန် ၁၆ ရက်က စတင်၍ တယ်လီဖုန်းအမှတ် ၀၇၃-၂၂၁၉၅နှင့် ၀၇၃-၂၂၁၉၆ တို့ဖြင့် ရပ်နီး၊ ရပ်ဝေးသို့ ဆက်သွယ်ပြောကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဇွန် ၁၆ ရက်က အိမ်မဲမြို့နယ် ရွှေဘိုရေကျော်ကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာ၌ အသစ်ထပ်မံ တိုးချဲ့ဖွင့်လှစ်သည့် ၂၅ သိန်းတန် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကိုကိုမောင်၊ မြို့နယ်ပညာရေးမှူး ဦးတင်မြင့်နှင့် ဆေးပေးခန်း ဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## အထူးကုသမားတော်ကြီးများအဖွဲ့ သနပ်ပင်ဆေးရုံ၌ အခမဲ့ဆေးကုသပေး

**သနပ်ပင် ဇူလိုင် ၂**

ပဲခူးတိုင်း မိခင်နှင့်ကလေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ပဲခူး အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု သမားတော်ကြီးများအဖွဲ့သည် ဇွန် ၂၆ ရက်က သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အခမဲ့ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဆေးဝါးကုသရာသို့ ပဲခူးတိုင်း ကျန်းမာရေး ဦးစီးဌာန ဒုတိယတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သီရိနွယ်နှင့် ပဲခူးအထွေထွေ ရောဂါကုဆေးရုံကြီးမှ ခေတ္တခရိုင် ကျန်းမာရေးဦးစီးဌာနမှူး အရိုးအထူး ကုဆရာဝန်ကြီး ဒေါက်တာဦးချစ်ကိုကို ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ဝေဒနာရှင်များအား အခမဲ့ ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

ယင်းသို့ ကုသရာတွင် အထွေထွေရောဂါအပါအဝင်ခွဲစိတ်၊သားဖွား၊မီးယပ်၊ ကလေး၊ မျက်စိ၊နား၊နှာခေါင်း၊ လည်ချောင်း၊အရိုး၊သွားခံတွင်းရောဂါ လူနာပေါင်း ၃၂၀ ကိုကြည့်ရှုစမ်းသပ် ကုသပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကန့်ဘလူမြို့ သာယာလှပရေး ပန်းအလှပင်စိုက်ပျိုး

**ကန့်ဘလူ ဇူလိုင် ၁**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကန့်ဘလူမြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဓိကကျသော လမ်းမကြီးများတွင် စိမ်းလန်းစိုပြည်ရေး၊ သာယာလှပစေရေးအတွက် ဇွန် ၁၈ရက်က မဟာဗန္ဓုလလမ်းတွင် ပန်းအလှပင် ၅၀၀ အား စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ကန့်ဘလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်နှင့်အညီ ပန်းအလှပင် ၁၅၀၀၀၀ ပြုစုပျိုးထောင်လျက်ရှိပြီး မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ **(မြို့နယ်စည်ပင်)**

**ဇွန် ၁၅ရက်က ကျောက်ဆည်-ကျောက်ဆောက်ကုန်းကျေးရွာလမ်း အရှည် ၁ မိုင် ၂ဒသမ ၈၅ ဖာလုံရှိ ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## နဝင်း-တီတွဒ်ကျေးလက်လမ်း ကျောက်ချောခင်း

**ပြည် ဇွန် ၃၀**

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဇွန် ၂၅ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့်အတူ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော နဝင်း-တီတွဒ်ကျေးလက်လမ်းကျောက်ချောခင်းခြင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။ (၄၀၃)



**အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စုစာတိုးကျေးရွာတွင် နှစ်လက်မတွင်း ပေ၂၀၀အနက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံ၊ ရေကန်နှင့် အင်ဂျင်ကွန်ပရက်ဆာတပ်ဆင်ခြင်းလုပ်ငန်းခွင်သို့ ဇွန် ၁၆ ရက်က အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းလတ်တို့က ကြီးကြပ် ဆောင်ရွက်ကြစဉ်။** (၃၁၃)

## ဂုန်လျှော်၊ ချည်ပေါင်လျှော်ပင်များ အထွက်တိုးစေရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်၍ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

၁။ အတန်းစိုက် ဂုန်လျှော်၊ ချည်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် (၃)လက်မခြား ခွာ၍ ပင်ကျဲနုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် (၆)လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မွှန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅-၂၀) ရက်သားတွင် တစ်ကြိမ်နှင့် တစ်ကြိမ် (၃၀-၃၅) ရက်သားတွင်တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေဩဇာကို တစ်ဧကလျှင် ၁၂ ဒသမ ၅ ကီလိုနှုန်း ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက် ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ရွက်စားခူမွေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်၊ ချည်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မှဲ့စွန်းရောဂါနှင့် မြစ်ပုပ်ရောဂါများတွေ့ရှိက အပင်လိုက် နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချည်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် ရောင်မညီကွက်ကြား (mosaic) ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။**

# မြန်မာဗီဒီယိုဇာတ်ကား ၁၃ကားဖြန့်ချိ ပြသခွင့်ရ

ရန်ကုန် ဇူလိုင် ၅

**ယခုအပတ် ဇူလိုင် ၅ရက်မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၃ကား ဖြန့်ချိ ပြသခွင့်ရရှိရာ ရုပ်ရှင်ဇာတ်ကားကြီးကို ပြန်လည်အသက်သွင်းသော ဇာတ်ကားနှင့် ဟာသ၊ အချစ်နှင့်ဘဝ ဇာတ်ကားတို့ ပါဝင်သည်။**

## မောင်ဆွေထွန်း



**'အလွဲကောင်း' ဇာတ်ကား**

'အလွဲကောင်း' ဇာတ်ကားမှ မင်းမော်ကွန်း။

**'ရုပ်ကွက်ထဲမှာကိုတင့်ရှိတယ်' ဇာတ်ကားမှ အရိုင်းနှင့် လှအဥ္စလီတင့် သရုပ်ဆောင်မှု။**

**'ဇောင်း' ဇာတ်ကား**

'ဇောင်း' ဇာတ်ကားမှ နန္ဒာလှိုင်၏ သရုပ်ဆောင်ဟန်။

သုခမိန်ဗီဒီယိုမှ ဒါရိုက်တာမောင်သီ ရိုက်ကူးပြီး လွင်မိုး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **'ဆူးလှည်း'**။ ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး လူမင်း၊ ရာဇာနေဝင်း၊ ထက်ထက်မိုးဦးတို့ ပါဝင်သော **'ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်'** (ဇာတ်ကားကြီး)။ လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးပြီး ဒွေး၊ သားညီ၊ နန္ဒာလှိုင်တို့ ပါဝင်သော **'ဇောင်း'**။

လပ်ကီးပလေ့ဗီဒီယိုမှ ဒါရိုက်တာ စိုးကျော်ဆန်းရိုက်ကူးပြီး မင်းမော်ကွန်း၊ နန္ဒာလှိုင်တို့ပါဝင်သော **'အလွဲကောင်း'**။ စိန်ပန်းမင်းမှ ဒါရိုက်တာ မြိုင်စစ်သူ ရိုက်ကူးပြီး ထက်ရှား၊ သီရိထက်စံတို့ ပါဝင်သော **'မျက်ခြေဖြတ်မယ်'**။ မျက်ခြယ်မှ ဒါရိုက်တာဒေါ်န ရိုက်ကူးပြီး နေထက်လင်း၊ မျိုးစန္ဒီကျော်တို့ ပါဝင်သော **'ကျူငုတ်'**။ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးပြီး ဖြိုးငွေစိုး၊ ကြည်လဲ့လဲ့ဦးတို့ ပါဝင်သော **'တစ်သက်လုံး'**။

ရွှေငယ်ငယ်ဗီဒီယိုမှ ဒါရိုက်တာ ကုသိုလ် ရိုက်ကူးပြီး ဇာနည်၊ ကြည်လဲ့လဲ့ဦးတို့ ပါဝင်သော **'မြေမှာပေါက်တဲ့သဇင်'**။ ဒါရိုက်တာ ယွန်းမင်းကို ရိုက်ကူးပြီး ယဉ်မင်းဗိုလ် ပါဝင်သော **'မြတ်ဆံတော်ရှင်'**။ စိန်ဒွေးဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးပြီး အရိုင်း၊ လှအဥ္စလီတင့်တို့ ပါဝင်သော **'ရုပ်ကွက်ထဲမှာ ကိုတင့်ရှိတယ်'**။ ဒါရိုက်တာရဲမင်းပိုင် ရိုက်ကူးပြီး ထက်ရှား၊ ရွှန်းလဲ့ဦးတို့ ပါဝင်သော **'ဘသိုက်ကိုဇာတ်မတိုက်နဲ့'**။ဒါရိုက်တာ အောင်အောင်ဦးရိုက်ကူးပြီး မင်းဇော်၊ စုလှိုင်နှင်းတို့ ပါဝင်သော **'ဘဝကိုခြေကန်'**။ စိုးမိုးဗီဒီယိုမှ ဒါရိုက်တာ မြိုင်စစ်သူရိုက်ကူးပြီးငြိမ်းချမ်း၊မန်းဝင်းနှင့်ဟာသ သရုပ်ဆောင်များပါဝင်သည့် **'မရယ် ရရင်မနေနိုင်ပေါင်'** ဇာတ်ကားများဖြင့် ဖြန့်ချိပြသမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဂုဏ်ပြု မြစ်ကြီးနားမြို့၌ အထူးအရောင်းပွဲတော်ဖွင့်

**ရန်ကုန် ဇူလိုင် ၅**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်သမဝါယမဦးစီးဌာန၏ စီစဉ်မှုဖြင့် မြစ်ကြီးနားမြို့ရှိ စီတာပူ၊ တပ်ကုန်း၊ ရွှေစက်၊ မန်ခိန်၊ မြို့သစ်ကြီး၊ ဓမ္မာသီရိ၊ မြို့မရပ်ကွက် (၇)ရပ်ကွက်ရှိ သမဝါယမဈေး(၅)ဈေးနှင့် ဂျီအီးစီ(ပညာရေး)နှင့် သမဝါယမအသင်းဆိုင်များကို ဇူလိုင် ၁ရက်မှ ၃ရက်ထိ ဖွင့်လှစ်ပြီး သားငါး၊ ဟင်းသီးဟင်းရွက်၊ လူသုံးအိမ်သုံး၊ အဝတ်အထည်စသည့် ပစ္စည်းမျိုးစုံကို သမဝါယမအထူးအရောင်းပွဲအဖြစ် ဖွင့်လှစ်ရောင်းချမှုကို ဇူလိုင် ၁ရက်က ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးရဲမြင့်၊ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးရော်ဘင်တို့က ကြည့်ရှုအားပေးကြသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၃၀ရက်က ပြုလုပ်ရာ အထက်တန်းအဆင့်၌ ကျောင်းသားကျောင်းသူ ၃၁၇ဦးနှင့် အလယ်တန်းအဆင့်၌ ၂၁၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်နယ်သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် ပြည်နယ်ပညာရေးမှူး ဦးတိုးမောင်တို့က ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

# လမ်းဘေးရေမြောင်းများ ဆယ်ယူတူးဖော်ဆောင်ရွက်

**မကွေး ဇွန် ၂၃**

မကွေးမြို့တွင် မိုးရာသီ၌ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေမြောင်းများကို ဆယ်ယူတူးဖော်ဆောင်ရွက်မှုကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်း၊ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ဇွန်၁၂ရက်က မကွေးမြို့ ပြည်တော်သာလမ်းဘေးဝဲယာ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် မကွေးမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိဦးဇော်ဝင်းဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ ယာဉ်စက် ယန္တရားများဖြင့် ဆယ်ယူတူးဖော်မှုကို ကြည့်ရှုစစ်ဆေးဆောင်ရွက်ကြသည်။

**(အပေါ်ပုံ)(မြို့နယ်စည်ပင်)**

# တောင်ကြီး ကိုယ်ပွားသတင်းစာတိုက် ပညာသင်ဆုစရိတ်နှင့် ဝန်ထမ်းဝတ်စုံပေးအပ်

**တောင်ကြီး ဇွန် ၆**

ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)၏ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ဝန်ထမ်းများအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ရက်ကအဆိုပါ သတင်းစာတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင်တာဝန်ခံအရာရှိ ဦးနိုင်ထွန်းက ပညာသင်စရိတ်နှင့် တူညီဝတ်စုံများပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ်နှင့် ဝန်ထမ်းများကို တူညီဝတ်စုံများ ပေးအပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(က-ပ)**

# ကျောက်ဖြူခရိုင်စိုက်ပျိုးရေးလုပ်ငန်းမှကြီးမှူး မိုးစပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းသရုပ်ပြ

ကျောက်ဖြူ ဇွန် ၃၀

**ကျောက်ဖြူခရိုင်စိုက်ပျိုးရေးလုပ်ငန်းမှ ကြီးမှူး၍ ၂၀၀၄ခုနှစ် မိုးရာသီမိုးစပါးတိုက်ရိုက် အစေ့ချစိုက်ပျိုးနည်း သရုပ်ပြပွဲကို ဇွန်၂၈ရက် နံနက်၈နာရီက ကျောက်ဖြူမြို့အကျဉ်းဦးစီး ဌာနပိုင်လယ်မြေတွင် ကျင်းပသည်။**

အခမ်းအနားတွင်ကျောက်ဖြူခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်က အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်က စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုး နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုး**

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက အသင့်ပြုပြင်ထားသော လယ်မြေတွင် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းအတိုင်း သရုပ်ပြ အစေ့ချစိုက်ပျိုးကြသည်။

သရုပ်ပြပွဲကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမျိုးတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် စပါးစိုက်တောင်သူများ တက်ရောက် ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## စုပေါင်းစိုက်ပျိုး

**မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇွန် ၁၉ရက်က သစ်ပင်စိုက်ပွဲတော်ကို ဥယျာဉ်ပုကျေးရွာအုပ်စု တောင်ကုန်းတောင်စောင်းများတွင် ကျင်းပရာ သစ်ဆိမ့်ပင်များနှင့် အရိပ်ရသစ်ပင် ၃၀၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။**

(ခရိုင် ပြန်/ဆက်)

# သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်စော၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်တင်နှင့် ဒုတိယဦးစီးမှူး (အခွန်)ဦးဇော်မင်းခိုင်တို့သည် ဇွန် ၂၆ ရက်က ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာတွင် ဆောင်ရွက်သောကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရန် ဆောင်ရွက်မှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေး ကြည့်ရှုကြသည်။

**(မြို့နယ်စည်ပင်)**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ပရိဘောဂထုတ်လုပ်မှုလိုင်းမန်နေဂျာ(အတွေ့အကြုံရှိသူ) ကျား/မ ၂ ဦး
၂။ ကုန်ထုတ်လုပ်ငန်းကြီးကြပ်ရေးမှူး ကျား/မ ၃ ဦး
(သစ်အချောထည်လုပ်ငန်းအတွေ့အကြုံရှိသူ)
၃။ ရုံးအုပ်ကြီး/ရုံးအုပ် (အသက် ၃၀ မှ ၅၀ နှစ်အတွင်း) ကျား/မ ၃ ဦး
(ရုံးလုပ်ငန်းနှင့်ရုံးစာရေးခြင်းကောင်းစွာကျွမ်းကျင်သူ)
၄။ သစ်ခွဲစိတ်ကြီးကြပ်ရေးမှူးဂန်ဒယ် ကျား/မ ၂ ဦး
(သစ်ခွဲစိတ်မှုကြီးကြပ်ခြင်းအတွေ့အကြုံကောင်းစွာရှိသူ)
၅။ ပရိဘောဂကျွမ်းကျင်လက်သမား ကျား ၅ ဦး
၆။ ပရိဘောဂ Polish လုပ်ငန်းကျွမ်းကျင်သူ ကျား/မ ၅ ဦး
၇။ ပါတ်လွှပိုင်းဆရာ (band Saw Operator) ကျား ၅ ဦး
(ပါတ်လွှဖြင့်သစ်ခွဲစိတ်မှုအတွေ့အကြုံကောင်းစွာရှိသူ)
၈။ Boiler Operator (သင်တန်းဆင်းလက်မှတ်ရှိပြီး၊ အတွေ့အကြုံကောင်းစွာရှိသူ) ကျား ၂ ဦး
၉။ Fork Lift ယာဉ်မောင်း (ကောင်းစွာမောင်းနိုင်သူ) ကျား ၂ ဦး
၁၀။ Driver (ယာဉ်ငယ်မောင်း) ကျား/မ ၃ ဦး
(လိုင်စင်သက်တမ်းအနည်းဆုံး(၃)နှစ်ရှိသူ)
၁၁။ လုံခြုံရေးဝန်ထမ်း/မီးသတ်ဝန်ထမ်း ကျား ၄ ဦး
(ကျန်းမာသန်စွမ်းသူ အသက်၃၀ မှ ၅၀နှစ်အတွင်း)
(စစ်မှုထမ်းဟောင်း/မီးသတ်ဝန်ထမ်းဟောင်းဦးစားပေးမည်)
၁၂။ ဥယျာဉ်မှူး ကျား ၃ ဦး

လျှောက်ထားသူသည် အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ၃၁-၈-၂၀၀၄ နေ့ နောက်ဆုံးထား၍ စာတိုက်သေတ္တာအမှတ် ၆၆၇ သို့ ပေးပို့လျှောက်ထားကြရန်။ (အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။)



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၂၀**
**ရန်ကုန်တိုင်းတရားရုံး**
**ရန်ကုန်တိုင်း၊ တွဲဖက် (၁၂)၊တိုင်းတရားသူကြီးရုံး**
**၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၃၅၁**

၁။ ဦးမြင့်သောင်း **နှင့်** ၁။ ဒေါ်ခွာညိုထွန်း ၂။ ဒေါ်သီဂီထွန်း
**တရားလို** **တရားပြိုင်**

အထက်တွင်ဖော်ပြထားသော ၁-တရားပြိုင် ဒေါ်ခွာညိုထွန်း၊ တိုက် ၁၀၊ အခန်း ၃၊ ပြည်ရိပ်မွန်အိမ်ရာ၊ ၆ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်သောင်းက ၃၀-၁၀-၂၀၀၃နေ့စွဲပါ မော်တော်ကားစရန်ပေးနှစ်ဦးသဘောတူစာချုပ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇူလိုင်လ၂၀ရက်(၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့ လာရောက်ရမည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသူများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်၏ ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သောင်းထွန်း**
**တွဲဖက်တိုင်းတရားသူကြီး(၁၂)**
**ရန်ကုန်တိုင်းတရားရုံး။**



## အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အရောင်းတာဝန်ခံ ကျား/မ ၃ ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
၂။ အရောင်းစာရေး မ ၃ ဦး
၁၀ တန်းအောင်

စိတ်ဝင်စားသူများသည် ကိုယ်တိုင်ရေး ကိုယ်ရေးရာဇဝင်၊ မကြာမီက ရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ပါလိပ်စာအတိုင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

**97 /B အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်။**
**(လျှောက်လွှာလက်ခံချိန်-နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအတွင်းသာ)**



## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) အကွက်အမှတ်(RA-III ကွက်ပြင်) ရပ်ရှိ ဦးပိုင်နံပါတ်(၇၁) ဦးကိုကြီးအမည်ပေါက် ဂရန်မြေကွက်သည် ပိုင်ရှင် ဦးကိုကြီးနှင့် ဇနီးဒေါ်သိန်းသိန်းတို့ နေထိုင်လျက်ရှိပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်း ပြဿနာ အရှုပ်အရှင်းမရှိပါကြောင်းနှင့် စိတ်ဝင်စားသူများစုံစမ်းနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းမောင် (BA.ITS. HGP. RL. Dipi, BL)**
**တရားရုံးချုပ်ရှေ့နေ**
**လူသားဂုဏ်ရည်ခြံ၊ ဖုန်း-၀၉-၂၀၀၄၇၅၆**



## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေးရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ တိုက် (N-1)၊ အခန်း ၂၀၂ နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘုန်းဝင်း ၁၂/တမန(နိုင်)၀၃၂၃၄၆၏ ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄ ရပ်ကွက်၊ စီမံကိန်း(၁) အင်ကြင်းလမ်း၊ အမှတ် ၃၄၅၊ မြေနှင့် ယင်းမြေပေါ်ရှိတစ်ထပ်၊ ပျဉ်ထောင်အိမ်သည် ကွယ်လွန်သူ ဗိုလ်ကြီး နိုင်ဝင်း(ငြိမ်း) အမည်ပေါက် ပိုင်ဆိုင်လာခဲ့ရာ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းဝင်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်သူဖြစ်လာပါ၍ အဆိုပါ အိမ်ခြံမြေကို ကျွန်ုပ်၏မိတ်ဆွေ သဘောတူညီချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းစသည်များ ပြုလုပ်ခွင့်မရှိပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခင်**
**အထက်တန်းရှေ့နေ(စဉ်-၁၉၂၇၂)**
**B.Sc, H.G.P, DBL, DML**
**အမှတ်၉၁(A-၃)၊ သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။**
**ဖုန်း-၅၃၄၆၉၈၊ ၀၉-၅၀၀-၃၉၈၉**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**

## ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| 1. | 15(T)1/MR(E) 2004-2005 | 1. Fish Plate BS 75R | 13000-Pairs |
| | | 2. Fish Plate 60 lbs(R) | 600-Pairs |
| | | 3. Fish Plate 60 lbs(BS) | 1400-Pairs |
| | | 4. Fish Bolts and Nuts BS 75R | 200000-Pairs |
| | | 5. Fish Bolts and Nuts 60 lbs BS | 8000-Pairs |
| 2. | 12(T)9/MR(MC) 2004-2005 | Spare Parts for Car Wheel Lathe Machine (Model WF-1100) | 1-Lot (17-Items) |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၂-၈-၂၀၀၄(ကြာသပတေးနေ့) ၁၂း၀၀နာရီ } စဉ် (1)အတွက်
**ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၂-၈-၂၀၀၄(ကြာသပတေးနေ့) ၁၄း၀၀နာရီ
**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၉-၇-၂၀၀၄(ကြာသပတေးနေ့) ၁၂း၀၀နာရီ } စဉ် (2)အတွက်
**ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၇-၂၀၀၄(ကြာသပတေးနေ့) ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၀-၆-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅-လိုင်းခွဲ- ၆၀၂၊၆၀၅၊၆၁၂**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်ခန်းမဆောင်တွင်ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်းက ဖတ်ကြားစဉ်။** (၁၆၈)

ပဲခူး ခရိုင် **သစ်ပင် စိုက်ပျိုးပွဲတော်ကို ဇွန် ၂၃ ရက်က ပဲခူးမြို့နယ် တိဿလမ်းနှင့် မဇင်းဆည်လမ်း ဆုံ တွင် ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်မင်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲတင့်၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်နှင့်အရိပ်ရ အပင် ၅၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။** (ခရိုင် ပြန်/ဆက်)

## မြို့နယ်ပြန်/ဆက်နှင့် အမျိုးသမီးရေးရာပူးပေါင်း ကိုယ့်အားကိုယ်ကိုးဇာတိမာန်စာကြည့်တိုက်ဖွင့်

ရွှေတောင် ဇူလိုင် ၂

**ရွှေတောင်မြို့နယ် မီးလောင်အုပ်စု ကိုးတွင်းစဉ်ကျေးရွာ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဇာတိမာန်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၉ရက် နံနက်က အုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။**

အဆိုပါစာကြည့်တိုက်ကိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးလှမျိုးအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်လှဝေနှင့်အုပ်စုဥက္ကဋ္ဌဦးအုန်းမောင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆက်လက် ကျင်းပရာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးက လှူဒါန်းသော မဂ္ဂဇင်းမျိုးစုံကို အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာရီကလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းလှူဒါန်းသော စာအုပ်မျိုးစုံကို အဖွဲ့အတွင်းရေးမှူး ဒေါ်ဆွေဆွေဝင်းက ပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်မှ ဒေါ်ကြင်ကြင်သန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

စာကြည့်တိုက်အတွက် လှူဒါန်းရရှိသော သုတနှင့်ရသ စာအုပ်မျိုးစုံ ၂၀၀ခန့်ဖြစ်ပြီး မြို့နယ်တွင်း အခြားအုပ်စုများသို့ ဆက်လက်ပူးပေါင်းဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ

**၇-၇-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မုန်းချောင်းရေလှောင်တမံ)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ(ကနီဦးလူညွှန့်) (လုပ်ငန်းတိုတို လဝါဆို)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (တိုင်းကျိုးပြည်ပြုနှုတ်မှုလက်မှု အတတ်စုနှင့်အတွေးအမြင်-ညွှန့်ဟံ-ကြူတော)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော ဝတ်စားဆင်ယင်မှုပြပွဲ-ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၀၀ ခေတ်ဟောင်းတေး
၁၇း၃၀ အစာနှင့်အာဟာရ (သပြုသီး)
၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ်(ရန်ကုန်တိုင်းမှ မောင်မျိုးမင်းသန့်၏ နှဲသံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မဟာမြိုင်ခရီးသည်(နှစ်အုပ်တွဲ) (မင်းသိခ်) (၂)မေတ္တာရေစင်စာတမ်း (ချစ်စံဝင်း)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော စိုးစန္ဒာထွန်း၏ ချမ်းမြေ့ပါစေ တေးစီးရီး)

# မင်္ဂလာဆုတောင်း

ဦးကျော်ကျော်စိုး (M.D- System Engineering Co.,Ltd.) နှင့် ဒေါ်နွယ်နွယ်မင်း တို့၏ ၆-၇-၂၀၀၄ ရက်တွင် ကျရောက်သည့် (၁၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုသို့တိုင်အောင် မိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**System Engineering Co., Ltd.**

**ဝန်ထမ်းမိသားစု။**




## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ရုံးကြီးလမ်း အမှတ် (၆၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၂၆ဒီ၂ ၊မြေကွက်အမှတ်-၈၅၊ ဧရိယာ-(၀ ဒသမ ၀၂၉)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ပူးတွဲပိုင်ရှင်များဖြစ်သော ဒေါ်သိန်းရှင်+(၃)ဦးထံမှ ဝယ်ယူမည်ဖြစ်၍ ဤအရောင်းအဝယ်နှင့် ပတ်သက်ပြီး **ကန့်ကွက်လိုသူများရှိပါက အထောက်အထား**ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး (တရားရုံးချုပ်ရှေ့နေ)**
**လိုင်စင်အမှတ် -၆၇၀၂**
**ရုံး- အမှတ် ၅၀၊ ပထမထပ်၊ (အေ-၁)**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အောင်မြတ်သူ၊ ဇွန်ပွင့်၊ သဇင်အောင်တို့၏ သတိပေးတားမြစ်ခြင်းအပေါ် ဖြေရှင်းပြန်ကြားခြင်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာ တိုက်(၂)၊ အခန်း ၃၉၊ ၅လွှာသည် ဒေါ်လှလှမြင့်၏ကိုယ်ပိုင်ငွေကြေးဖြင့်တရားဝင်ဝယ်ယူ၍ ဒေါ်လှလှမြင့်အမည်ဖြင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုထုတ်ပေး ထားခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်တင်ရီ ၁၂/ဗဟန(နိုင်) ၀၄၉၇၇၃၏ငွေကြေးဖြင့် အမည်ငှားစနစ်အရ ဝယ်ယူထားခဲ့သော အိမ်ခန်းမဟုတ်၍ အောင်မြတ်သူ၊ ဇွန်ပွင့်၊ သဇင်အောင်တို့အနေဖြင့် အမွေမမီ မြေးအခွင့်အရေးကို ရပိုင်ခွင့်မရှိပါကြောင်း၊ ဒေါ်တင်ရီကွယ်လွန်ချိန်၌မည်သည့်အတွင်း ပစ္စည်းများလည်း ကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်း၊ ထို့ကြောင့် အောင်မြတ်သူ၊ ဇွန်ပွင့်၊ သဇင်အောင် တို့၏ ၄-၆-၂၀၀၄ရက်စွဲပါ သတိပေးတားမြစ်ချက်ပါ အကြောင်းအရာများ မမှန်ကန်၍ လိုက်နာဆောင်ရွက်ရန် အကြောင်းမရှိပါကြောင်း ဖြေရှင်းပြန်ကြားအပ်ပါသည်။

ညွှန်ကြားချက်အရ

**ဦးချစ်ကိုကို**
**LL.B,H.G.P.,Dip in Business Law.,**
**Dip in Applied Psychology., Dip in Maritime Law.,**
**အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း- ၂၅၂၉၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်အား အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် ခ/၅ လမ်း၊ အမှတ် ၁၁၅ နေ ဒေါ်အုန်းကြွယ် ၁၂/အစန(နိုင်)၀၃၈၀၄၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်မပါမိသားစု ရှစ်ဦးတို့သည် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၅၀ ဟု ခေါ်ဆိုသည့် အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၂၁(ရွာမကွက်)မြေ ကွက်အမှတ်-၅၂၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၈၁ ဧက မြေအမျိုးအစား လ/န-၃၉နှင့်-၃(ခ)ရရှိပြီး မြေပိုင်မြေ၊ မြေအမည်ပေါက် ဦးမောင်ကလေးပိုင်ဆိုင်သည့် မြေကွက်ဥပစာနှင့် ပတ်သက်၍ တရားဝင်အပြီးအပိုင် ရောင်းချနိုင်ရန်အတွက် စရန်ငွေကြေးများလက်ခံရယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှ ၁၄ ရက်အတွင်း တရားဝင်အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ၁၄ ရက်ကျော်လွန်ပါက အဆိုပါကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြနိုင်**
**တရားရုံးချုပ်ရှေ့နေ**

**ကျွမ်းကျင်ပညာရှင်များမှ ထုတ်လုပ်သည့် ကျန်းမာသန်စွမ်းသော ကကတစ် ငါးသားပေါက်များအား**
**(Super P Hatchery) မှ**
**ဈေးနှုန်းသက်သာစွာရရှိနိုင်ပါသည်။**
**Super P Hatchery Capricorn Co., Ltd.**
**၁၆၁၊ ၃၄ လမ်း၊ ရန်ကုန်၊ ဖုန်း-၂၅၂၆၀၄**
**၄၄၃၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၅၀-၁၁၇၀၂**

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁ရက်

## ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာ တန် (၂၀၀၀)ကို ပုံးဖြင့်ဖြစ်စေ၊ 3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများ အရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃-၇-၂၀၀၄ ရက် (၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင်ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် ၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းမင်းလှမြို့အမှတ် (၅) ရပ်ကွက် ဝေဠုဝန်လမ်းနေ၊ ဦးအောင်သန်း- ဒေါ်မြသိန်းတို့၏သမီး မတင်တင်ဝင်း(ခ) မိမိုးသည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက် ပြုမူ၍ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလုံးဝတာဝန်မယူပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သန်း၊**
**၇/မလန(နိုင်)၀၅၂၀၄၄**
**ဒေါ်မြသိန်း၊**
**၇/မလန(နိုင်)၀၇၅၄၂၈**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၃၁၄၅၉ သည် ၁၃-၆-၂၀၀၄ ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပါရန်။ **ဖြိုးဝေမျိုးမြင့်** ဖုန်း-၇၂၆၈၄၆

## အမည်ပြောင်း

ဦးသိန်းအောင်၏ သားဖြစ်သူ မောင်ချမ်းမြေ့ အောင် ၁၂/သခန(နိုင်) ၀၉၉၀၂၀(တတိယနှစ် စက်နှင့်ပျံသန်းယာဉ်ပညာ၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်) အားယနေ့မှစ၍ မောင်ကျော်သီဟဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်သီဟ။**

## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်။**

**ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂**

## အမြန်ရောင်းမည်

မြောက်ဥက္ကလာပ အဝေးပြေးအနီး သုခမ္မာ (အမှတ်-၃) လမ်းပေါ် ပေ ၃၀ xပေ၄၀ BNနှစ်ထပ်၊ ဘိလိယက်နှစ်ခုံပါ။ **ဖုန်း-၀၉-၅၀-၁၂၃၂၂**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ယ/၁၆၁၂၀ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး (သာယာဝတီ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား

## ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို အမေရိကန်ဒေါ်လာ(US Dollars)၊ ယူရို(Euros) ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| 1. | 12(T)10/MR(ML) 2004-2005 | (1)Wheel Steel Solid | 1200-Nos |
| | | (2)Axle "Y" | 200-Nos |
| | | (3)Axle "YD" | 200-Nos |

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၅-၈-၂၀၀၄(ကြာသပတေးနေ့)(၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၅-၈-၂၀၀၄(ကြာသပတေးနေ့)(၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၅-၇-၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅ လိုင်းခွဲ ၆၀၂၊ ၆၀၅၊ ၆၁၂**

## ဒေါ်နွဲ့ အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် လမ်း(၄၀)အလယ်၊ အမှတ်(၂၂၁)၊ပထမထပ်(ယာ)နေ ဦးနု၏ ဇနီး၊ မဥမ္မာနု-(ကိုအေးကျော်)၊ မသီတာ၊ မခင်သန်းဝင်း- ကိုတင်ဝင်းလှိုင်၊ ကိုနေလင်း(ခ)Phipplipnu ၊ကိုသက်နိုင်- မချိုချိုမာ၊ (ကိုသန်းတင်)-မရီရီမာ၊ကိုတိုနီနု-မကေသီနု၊ ကိုဌေးလင်းအောင် - မမြင့်စန္ဒာနု၊ ကိုမောင်တို့၏ မွေးသမိခင်၊ မြေး (၁၇)ယောက်၏ အဘွား သည် (၂-၇-၂၀၀၄) သောကြာနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ (၄-၇-၂၀၀၄) တနင်္ဂနွေနေ့ မွန်းလွဲ ၂နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## The Union of Myanmar
## Forest Products Joint Venture Corporation Limited
## Price Quotation No. (02/2004-2005)

F.P.J.V.C Ltd Quotation Sale will be held as follows.

| | Commodity | Quantity (about Tons) | Location |
|---|---|---|---|
| (a) | Teak Logs, Square & Conversions | 1056 | - South Dagon Depot<br>- Hponedawtoe Depot (Mandalay) |
| (b) | Hardwood Logs & Square | 2463 | - South Dagon Depot<br>- Hponedawtoe Depot (Mandalay) |
| | Total | 3519 | |

Closing Date : (15-7-2004) THURSDAY (12:00) Noon.

Plese Contact F.P.J.V.C Ltd., No.422-426, Corner of Botataung Pagoda Road and Strand Road for further details.

Tel: 202060, 202101 (ext)- 127.

**Tender Committee**

## ရန်ကုန်တိုင်းတရားရုံး
## ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်-(၉၇၇)

၁။ ဦးအောင်သင်း
အမှတ်(၄၆)ဓမ္မိကဝတီလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးမောင်လှ
အမှတ်(၄၁/၁၃)အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ နှင့်
၃။ ဦးမျိုးမြင့်
အမှတ်(၅၁)၊တရုတ်ကျောင်းလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဦးရဲမြင့်
အမှတ်(၁၂၀)၊ ၃၄လမ်း(လယ်)
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

၁။ ဦးအေးသန့်
၂။ ဦးကျော်သူ
၃။ ဦးဝင်းမောင်
၄။ ဦးညွန့်တင်
၅။ ဦးသိန်းဝင်း
၆။ ဒေါ်ဥမ္မာစိုး
၇။ ဒေါ်မြင့်မြင့်ခင်ဖေ
၈။ ဒေါ်သန်းမြင့်အောင်
၉။ ဦးဝင်းမြင့်
၁၀။ ဦးအောင်မြင့်
၁၁။ ဦးအေးကြူ
၁၂။ ဦးဝင်းနိုင်
၁၃။ ဦးကြည်သိန်း
၁၄။ ဦးညိုဝင်း
၁၅။ ဦးညွန့်သိန်း
၁၆။ ဦးရွှေထိုက်
၁၇။ ဒေါ်သီတာရွှေ
၁၈။ ဒေါ်တင်တင်ဦး
၁၉။ ဦးစန်းမြင့်
၂၀။ ဦးမင်းအောင်
၂၁။ ဦးတင်မောင်ဝင်းကြီး
၂၂။ ဦးချစ်မော်
၂၃။ ရွှေအင်းသား ခင်မောင်ဝင်း
၂၄။ ဦးကျော်သန်း
၂၅။ ဒေါ်ဌေးဌေးနိုင်
၂၆။ ဦးအောင်ကြွယ်စိုး

နာရေးကူညီမှုအသင်း
ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း
၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

**တရားလိုများ** **တရားပြိုင်များ**

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈ (၁)အရ အထက်ပါအမှုတွင် သက်ဆိုင်သူများအားလုံးသိစေရမည်။

အထက်အမည်ပါ တရားလိုများသည် တရားပြိုင်များအပေါ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းလက်ရောက်ပြန်လည်ပေးအပ်စေလိုမှုဖြင့် လျှောက်ထားတရားစွဲဆိုလာပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းအမှုတစ်ခုလုံးတွင် အကျိုးသက်ဆိုင်သူမည်သူမဆို ပါဝင်လိုပါက ၂၀၀၄ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ တင်ပြ၍ လူကိုယ်တိုင်ဖြစ်စေ၊ နည်းလမ်းတကျလွှဲအပ်ထားသောအခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ ဤတိုင်းတရားရုံးသို့ လာရောက်လျှောက်ထားနိုင်ကြောင်း ကြော်ငြာလိုက်သည်။

အကယ်၍ လျှောက်ထားခြင်း မရှိပါလျှင် တိုင်းတရားရုံးက ဤသင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂၀၀၄ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**တင်အောင်**
**တွဲဖက်တိုင်းတရားသူကြီး(၁၁)**
**ရန်ကုန်တိုင်း တရားရုံး။**

## ဝမ်းနည်းခြင်း
## ဦးတင်စိုး(လက်ထောက်ညွှန်ကြားရေးမှူး) (မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း) အသက်(၅၁)နှစ်

ဦးတင်စိုး(လက်ထောက်ညွှန်ကြားရေးမှူး)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Triangle Links Eng Co., Ltd. မိသားစု။**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မိုးကုတ်မြို့ စည်ပင်သာယာရပ်နေ ဒေါ်ခင်စန်းဝင်း၏သား မောင်ထွန်းလင်းဦး (ခ) ဖိုးသား ၉/မကန(နိုင်)၁၀၃၉၆၃ သည် မိခင်၏ဆိုဆုံးမမှုမနာခံဘဲ ၄-၅-၂၀၀၄ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**မိခင်-ဒေါ်ခင်စန်းဝင်း**
**၉/မကန(နိုင်)၀၁၈၉၂၃။**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေ ဒါယကာကြီး
## ဦးစိုးရှိန် (ပါဒကြီး၊ ကျောက်တန်းမြို့)
### အသက်(၁၀၂)နှစ်

ကျောက်တန်းမြို့၊ ပါဒကြီးရွာနေ (ဒေါ်သိန်းမေ)၏ခင်ပွန်း၊ (ဦးကျော်–ဒေါ်စိန်မေ)၊ (ဦးစိန်ညွှန့်)–ဒေါ်လှမြိုင်တို့၏အစ်ကို၊ ဦးအုန်းမြင့်–ဒေါ်ခင်တင့်တင့်၊ ဦးထွန်းရှိန်–ဒေါ်ကြည်ကြည်ဝင်း၊ ဦးစိုးသိန်း–ဒေါ်လှဌေး၊ ဦးခင်မောင်ဦး–ဒေါ်ဌေးဌေးတို့၏ဘကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ပါဒကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အရှေ့ပိုင်းကမ်းနားလမ်းနေအိမ် အမှတ် ၁၃၈ မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်လှကြည်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ စိမ်းလဲ့မေရိပ်သာ၊ အမှတ် ၁၈(စီ)နေ (ဦးတော်ဘသောင်း–ဒေါ်သန်း)တို့၏သမီး၊ ဦးဟုတ်လျောင်၏ဇနီး၊ (ဦးဘဆွေ)–ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးလှဝင်း–Rose Narie Win တို့၏အစ်မကြီး၊ ဦးမျိုးသန့်–ဒေါ်သန်းအေး၊ ဦးသိန်းအေး–ဒေါ်စန္ဒာဝင်းမင်းသိန်း၊ ဒေါက်တာသိန်းထွန်းဝင်း–ဒေါ်ဖြူဖြူအေး၊ ဦးညီညီ–L.Wantana တို့၏မိခင်၊ Ann ၊ မင်းသူဝင်း၊ စည်သူဝင်း၊ Jinpuy ၊ မေဖြူခင်တို့၏အဘွားသည် ၄–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၆–၇–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

### စမ်းချောင်းမြို့နယ်ဝေဠုဝန်ကျောင်းတိုက် ဘုရား၊ရဟန်း၊သိမ်နှင့်ဂန္ဓဝါသိတာရုံရွှေကျောင်းအမကြီး
## ဒေါ်မြတင်
### (ကြည့်မြင်တိုင်၊ကမ်းနားဈေး)
### အသက်(၇၅)နှစ်

မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ခရေရိပ်သာ၊ ခြံအမှတ် ၁၀၁ နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၇၀ နေ (ဦးမောင်သန်း–ဒေါ်လှရှင်)တို့၏သမီးကြီး၊ (ဦးစိန်ဟန်)၏ညီမ၊ ဒေါ်ခင်ရီ၊ ဒေါ်ငွေရီ(မန်နေဂျာ၊ ဆောက်/လျှပ်၊ငြိမ်း)၊ ဒေါ်စိန်ရီ(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ ဒေါ်ကြည်ကြည်၊ ဒေါ်ဝင်းဝင်းခိုင်(လ/ထ ညွှန်ကြားရေးမှူး၊ ကုန်သွယ်ဦးစီး၊ စီးပွား/ကူးသန်း)၊ ဦးအောင်ဝင်းမောင်(မန်နေဂျာ၊ New Way Co., Ltd.)တို့၏အစ်မကြီးသည် ၄–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀–၇–၂၀၀၄ရက်(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် ၇၀၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှတင် (သပြေတောင်း)
### အသက်(၇၀)

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြင်းခြံကုန်းရွာနေ (ဦးဘရီ–ဒေါ်ချော)တို့၏သမီး၊ (ဦးလှမောင်–ဒေါ်သိန်းဥ)၊ ဦးမြမောင်(ဦးကောဝိဒ)–ဒေါ်သန်းရှင်၊ ဒေါ်မြရင်တို့၏ညီမ၊ ဦးသာချို–ဒေါ်ညွှန့်ကြည်၊ (ဦးတင်ဝင်း)–ဒေါ်ခင်စန်းမြင့်၊ ဦးတင်လှိုင်–ဒေါ်ခင်သန်းထွေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၁၅၊ အောင်ချမ်းသာ ၅ လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ဇနီးသည် ၄–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၇–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
## ကိုအောင်သန်းထွန်း
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်၁၈၊ ၁၁၂ လမ်းနေ ဦးထွန်းစိန်–ဒေါ်ကျင်တို့၏သားငယ်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အမှတ် ၄၃၊အောင်မင်္ဂလာလမ်းနေ ဦးညွန့်ဝေ–ဒေါ်သန်းစိန်တို့၏သားသမက်၊ ဒေါ်နိုင်နိုင်ဝေ၏ခင်ပွန်း၊ (ဦးဝင်းကြည်)–ဒေါ်စန်းစန်းအေး၊ဦးဝင်းကြည်–ဒေါ်မာရီထွန်း၊ ကိုဝေဝေထွန်း–မနီနီအောင်တို့၏ညီ/မောင်၊ မစောမာထွန်း၊ မောင်အောင်စိုးထွန်း–မဝင်းမာထွန်းတို့၏အစ်ကို၊မောင်ဇေယျာမင်းခန့်၊ မောင်မင်းထူးခန့်တို့၏ဖခင်၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၄–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၇–၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ယဉ်ယဉ်မြတ်
### နည်းပြ(အရှေ့တိုင်းပညာဌာန) ရတနာပုံတက္ကသိုလ်
### အသက်(၃၃)နှစ်

မန္တလေးတိုင်း၊ နန်းရှေ့၊ ယပ်တန်းရပ်၊ ၆၂ လမ်း၊ ၂၀ x ၂၁ လမ်းကြား၊ အိမ်အမှတ် ၁၄၄ နေ ဦးမှတ်ကြည် (ဦးစီးအရာရှိ၊ ငြိမ်း၊ မန္တလေးစည်ပင်)–ဒေါ်ခင်မော်တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးကျော်ရင် (ဒုတိယရဲမှူးကြီး၊ ငြိမ်း)–ဒေါ်ညွှန့်ညွှန့်သန်းတို့၏ သမီးချွေးမ၊ မနွယ်နွယ်ဦး(နွယ်ယဉ်ယဉ်ဦး အထည်ဆိုင်၊ မြေညီထပ်၊ ရတနာပုံဈေး)၏ညီမ၊ ဒုဗိုလ်သောင်းထွဋ်၏အစ်မ၊ ကိုသူရိန်ကျော်၏ဇနီး၊ မအေးချမ်းမြေ့၏မိခင်သည် ၄–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၇–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

### ရဟန်းဒါယိကာမကြီး
## ဒေါ်စိန်စိန်ရီ(ခ) ဒေါ်ခင်မမ (ဗန်းမော်)
### အသက်(၆၁)နှစ်

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်နေ(ဒေါက်တာဦးကိုကြီး–ဒေါ်လှကြည်)တို့၏သမီး၊ (ဒေါက်တာသန်းထွန်း)၊ ဦးတင်ထွန်း၊(ဒေါ်ခင်အုန်းမြင့်)၊ဒေါက်တာခင်အုန်းသန်း (ဦးစိန်ထွန်း)၊ ဦးသောင်းထွန်းတို့၏ညီမ၊ ဒေါ်ခင်လေးချို(ပြည်တွင်းအခွန်များဦးစီးဌာန၊ လမ်းမတော်မြို့နယ်)၊ ဒေါ်ခင်မူမြင့်(ရွှေပေါက်ကံ)၊ ဦးခင်မောင်လေး(မန္တလေး)၊ ဒေါ်စိုးစိုးဝါ(ခ)မဝါတို့၏အစ်မသည် ၄–၇–၂၀၀၄ ရက် နံနက် ၅း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဌာန၌ကွယ်လွန်သွားပါ၍ ၆–၇–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
## ကိုအောင်သန်းထွန်း
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၈၊ ၁၁၂ လမ်းနေ ဦးထွန်းစိန်–ဒေါ်ကျင်တို့၏သားငယ်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၄၃၊ အောင်မင်္ဂလာလမ်းနေ ဦးညွန့်ဝေ–ဒေါ်သန်းစိန်တို့၏သားသမက်၊ ဒေါ်နိုင်နိုင်ဝေ၏ခင်ပွန်း၊ဦးသန်းထွန်း–ဒေါ်သန်းသန်းဝေ၊ မအေးအေးဝေ၊ကိုသက်ဇော်–မဖြူဖြူဝင်းတို့၏ညီ/မောင်၊ မောင်လှိုင်ထွန်းဇော်၏အစ်ကို၊ မောင်ဇေယျာမင်းခန့် (ပထမတန်း၊ အမက–၆၊ တာမွေ)၊ မောင်မင်းထူးခန့်တို့၏ဖခင်သည် ၄–၇–၂၀၀၄ ရက် (တနင်္ဂနွေနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၇–၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ကြင်ပြုံး (ကွမ်းခြံကုန်း)
### အသက်(၉၇)နှစ်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် ၆၆ နေ (ဦးမောင်ညွန့်)၏ဇနီး၊ ဦးကျော်လှိုင်–(ဒေါ်မြသန်း)ဒေါ်ပြုံး၊ ဦးကျော်မြိုင်–ဒေါ်အေးအေး (ခေတ္တ–USA)၊ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး၊ Golden Beach Hotel Chaung Tha)–ဒေါ်ခင်ခင်အေး(ရွှေဆောင်ပုံနှိပ်တိုက်)၊ ဦးကျော်စွာ (Computer)–ဒေါ်မြမြသွင် (အထပြငြိမ်း)(ခေတ္တ-USA)တို့၏မိခင်၊ ဦးအောင်ကျော်ဦး–မဂီ(Artman Co., Ltd. & Idea Co.,Ltd.)၊ ဒေါက်တာအောင်ကျော်ထူး(Kaiser Permante, Bakers Field)၊ ဦးအောင်ကျော်ဖြိုး–မတယ်မီ(San Jose)၊ မောင်အောင်ကျော်ကျော်(ဆေး–၁)၊ မောင်ဖြိုးဝေခိုင်(UC Berkeley)၊မောင်တေဇာခိုင်၊မောင်ထိန်လင်းခိုင်၊မောင်ထိန်ဝင်းခိုင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၃–၇–၂၀၀၄ရက် ညနေ ၅း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးတရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများနံနက်၉နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

## ဒေါ်ချိုသာ (စစ်တွေမြို့)
### အသက်(၈၇)နှစ်

စစ်တွေမြို့နေ (ဦးလှဘော်–ဒေါ်ညို)တို့၏သမီး၊ (ဦးစံကျော်)၏ ဇနီး၊ ဦးခင်မြင့်–ဒေါ်ဦးခင်ကျော့၊ ဦးမောင်လေး–ဒေါ်ခင်ရီ၊ ဦးဘခင်–ဒေါ်သောင်းတင်၊ ဦးစံလှကျော်–ဒေါ်ခင်စိုး(ခ)စုစုတို့၏ မာမာကြီးသည် အမှတ် ၉၈၊ ငါးလွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ၃–၇– ၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၇– ၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှတင် (သပြေတောင်း)
### အသက်(၇၀)

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြင်းခြံကုန်းရွာနေ (ဦးဘရီ–ဒေါ်ချော)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၅၊ အောင်ချမ်းသာ ၅ လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ဇနီး၊ မဝါဝါအောင်(မသိန်းနိုင်)၊ ကိုအောင်ဇင်ဝင်း(လဝကမှူး)–မသီတာအောင်(လဝကမှူး)၊ မနီလာအောင်(လက်ထောက်ကထိက၊ ပထဝီဝင်ဌာန၊ အနောက်ပိုင်းတက္ကသိုလ်)၊ ကိုနေမျိုးဝင်းအောင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ကိုလှမျိုးဝင်းအောင် (အောင်သစ္စာသယ်ယူပို့ဆောင်ရေး)–မကြူကြူမြတ် (အလက–၄၊ ကြည့်မြင်တိုင်)၊ ကိုဇော်ဝင်းအောင်(အောင်သစ္စာ သယ်ယူပို့ဆောင်ရေး)–မအေးလဲ့ဖြူတို့၏မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၄–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈–၇–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

### ကျေးဇူးတင်ရှိခြင်း
## ဦးကျော်ဇင်လွင် (လတ်လတ်)
### B.A (Law) LL.B၊ တရားရုံးချုပ်ရှေ့နေ

၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဦးကျော်ဇင်လွင်(လတ်လတ်) နာမကျန်းစဉ် အထူးဂရုစိုက်ကုသပေးသော သျှင်ပါကူအထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ အစအဆုံး အဘက်ဘက်မှကူညီစောင့်ရှောက်ပေးသော ညီအစ်ကိုမောင်နှမ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းကြသော မိတ်ဆွေများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသော ရန်ကုန်မြို့နှင့်နယ်များမှမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်ကျင်ရွှေ
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၃)ရပ်ကွက်၊ ၆ လမ်း၊ တိုက် ၁၀၊ အခန်း ၇ နေ ဦးလှညိန်၏ဇနီး၊ ဦးညွှန့်ဝေ–ဒေါ်ကြူလေး၊ဦးလှဝေ(ဆာသရဦးစီး)–ဒေါ်ခင်ခင်အုံ၊ ဦးမြင့်ဝေ–ဒေါ်စမ်းစမ်းအေး၊ ဦးခင်ဝေ–ဒေါ်ခင်သန်းဦး၊ ဦးတင်ဝင်း (ပြန်/ဆက်ဦးစီး) – ဒေါ်သန်းသန်းနု၊ ဦးဝင်းကျော်–ဒေါ်အေးအေးနု၊ မောင်မြင့်ထွေး၊ မောင်ကျော်အောင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၅–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၇–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်အုန်းမြင့် (ဘားအံမြို့)
### (ကျောင်းဆရာမ၊ ငြိမ်း)
### အသက်(၇၁)နှစ်

ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်သစ် (သ/မ အသင်းစုမှူး၊ ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးသစ်–ဦးဦးမြင့်၊ ဦးဇော်ဝင်း–ဒေါ်နန်းမြင့်မြင့်စန်း၊ ဒေါ်ချိုချိုမော်၊ ဦးဝင်းနိုင်–ဒေါ်မိုမိုအောင်၊ ဦးဝင်းခိုင်–ဒေါ်သင်းမြတ်ခိုင်၊ ဦးမျိုးမင်းထိုက်–ဒေါ်စန္ဒာဝင်း၊ဒေါက်တာအိမွန်သန့်တို့၏မိခင်သည် ၄–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၀နာရီတွင် ရန်ကုန်မြို့ မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၇–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ပြုံး (သာယာဝတီ၊သုဝဏ္ဏ)
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) မူလတန်းကြို–၂၊ ဒဂုံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၉၂(သုံးလွှာ)နေ (ဦးနီ–ဒေါ်ခင်ညွှန့်)တို့၏သမီးကြီး၊ (ဦးလှမြင့်)၏ဇနီး၊ ဦးမျိုးမြင့်(လ/ထ မန်နေဂျာ၊ စာရင်း၊ ကပရရုံးချုပ်)–ဒေါ်ခင်ပြုံးဝင်း၊ ဦးမြင့်အေး–ဒေါ်စန်းစန်းရင်၊ (ဦးသောင်းထွန်း)–ဒေါ်မြင့်မြင့်စိန်၊ ဦးအောင်မြင့်ဇော်–ဒေါ်ဝင်းဝင်းသန်းတို့၏အစ်မကြီး၊ ကိုဇော်လင်းဦး(ဒဂုံ၊ စည်ပင်)–မအေးခိုင်(မြို့/မြေယာ၊စည်ပင်)၊ မဇင်မာမြင့်(လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်)၊ ကိုအောင်လင်းဖြိုး၊ မသူသူခင်(A.W.B, H.O)တို့၏မိခင်၊ တူ တူမ ၁၁ ယောက်တို့၏အဒေါ်သည် ၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

### အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီယူစွဖ်(ခ) ဦးမျိုးမြင့်အောင်
### ရုပ်ရှင်ဒါရိုက်တာနှင့်ထုတ်လုပ်သူ
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၅၄၊ ဗိုလ်ဆွန်ပက်လမ်းနေ (အမ္ဗဒူရ်ရှကူးရ်၊ အုတ်ဖို) – ဟာဂျီမဒေါ်မိုင်မုနာဘီတို့၏ ဒုတိယသားကြီး၊ အမှတ် ၂၉၇၊ မဟာဗန္ဓုလပန်းခြံလမ်းနေ (မိုဟာမက်ဟာရှင်နဂရ်စေသ်–ဒေါ်ခိုင်ရွှန်ဘီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ခြံအမှတ် ၄ နေ[ဟာဂျီမဆာရာဘီဘီ(ခ)ဒေါ်ချိုချို(တက္ကသိုလ်ချိုချို)]၏ခင်ပွန်း၊ ဟာဂျီမဒေါ်ခင်သန္တာအောင်–ဟာဂျီဦးဌေးမောင်၊စောမြတ်စန္ဒာအောင်–အောင်ဆန်းမင်း၊ ဟိန်းဇော်မျိုးအောင်တို့၏ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅–၇–၂၀၀၄ရက် နံနက် ၆ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ အစွာရ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်တွင် ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

### ရဟန်းဒါယကာကြီး
## ဦးမောင်မောင်(ခ)ဦးအောင်ဒင် (ငါးသိုင်းချောင်း)
### အသက်(၇၈)နှစ်

သစ်တောဝန်ထောက်(ဦးဝင့်မော်–ဒေါ်မျိုးရီ)တို့၏သား၊ ဇီးကုန်းမြို့နေ သစ်တောဝန်ထောက် (ဦးကံရင်–ဒေါ်စောကျင်)တို့၏သားသမက်၊မန္တလေးမြို့၊ မိုးတားကျောင်းတိုက်နေ ဦးဝါယမ၏ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့၊ အမှတ် ၂၅၇(ပထပ်ယာ)၊ဆိပ်ကမ်းသာလမ်းနေ ဒေါ်လှမြိုင်၏ခင်ပွန်း၊ ဦးမျိုးဝင်း(ပြည်သူ့ဆောက်လုပ်ရေး)–ဒေါ်ခင်ခင်ဦး(လမ်းဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေး)၊ (ဦးရာဇာ)၊ ဦးနန်းနွယ်(R/O)–ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်ဖြူဝင်း (အထက၊ ကျောက်တံတား)၊ (ဦးသိန်းအောင်)၊ ဦးမျိုးညွှန့် (E.E Moom Soon Ship.)–ဒေါ်ခင်ခင်ပြုံး၊ဒေါ်စိုးစိုး (ငွေစာရင်း၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၅–၇–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၇–၇–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Pu Gin Za Hau (Phai Tu)
### တပ်ကြပ်ကြီး(ငြိမ်း) ဥက္ကဋ္ဌ၊ဇိုနှစ်ခြင်းအသင်းတော်၊ ရန်ကုန် (ZBCY)
### အသက်(၆၆)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဖိုင်တူကျေးရွာနေ (Pu Lun Pau)–Pi Siam Za No တို့၏သားကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊အမှတ် ၁၁၀/ ၈ နေ Pi Niang Nuam Mang (ခ) ဒေါ်မန်နိုး၏ခင်ပွန်း၊ Pa Thang Do Pau– Nu Man Zam No, Nu Zeel Lam Cing– Pa Lian Khan Khup, Nu Vung Nuam Niang– Pa Gin Khan Pau, (Tg. Dong Khan Pau),(Pa Cin Za Khen)– Nu Cing Khan Nian, Nu Dong Hau Niang– Pa Suan Khan Gin, Nu Man Lian Vung– Rev. Let Suan Pau, Pa Gin Za Thang– Nu Goih Nuam Cing, Nu Zeel Go Niang– Pa Cin Khen Hang, Nu Mang Lun Cing– Rev. Mang Lian Hau(ခ) Rev.မင်းဟောက် (တာချီလိတ်)တို့၏အစ်ကိုကြီး၊ Nu No Kho Dim– Rev. Cin En Thang, Pa Pau Lian Mang– Nu Ngai Hau Cing, Pastor Pau Lun– Nu Neem Nuam Mang, Pa Pau Thang– Nu Pau En Niang, Tg. Mang Tung Lian, Nu Cing Lun Niang– Pa Mang Thang, Tg. Thang Hau တို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၄–၇–၂၀၀၄ရက် နံနက် ၇း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆–၇–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်း ချင်းနှစ်ခြင်းခရစ်ယာန်သာသနာ့ရိပ်သာတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပြီး ပတ္တမြား၊ ပုလဲမြို့သစ် နီလာမှတ်တိုင်နှင့် လှိုင်သာယာ၊ (၁၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှ ကားများ မွန်းတည့် ၁၂နာရီတွင် ဘုရားကျောင်းသို့ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်နုနု
### အသက်(၅၂)နှစ်

ရန်ကုန်မြို့ (ဦးဘခိုင်–ဒေါ်သန်း)တို့၏သမီး၊ အမှတ် ၁၁၊ အောင်မင်္ဂလာဥယျာဉ်နေ ဦးလှသန်း–ဒေါ်တင်မာဝင်း၊ ဦးရန်အောင် – ဒေါ်တင်တင်ဝိုင်တို့၏ညီမ၊ (ဦးဆန်းဝင်း)–ဒေါ်စုစု၊ ဦးစန်းမြင့်–ဒေါ်နီလာကြည်၊ဦးအေးသန်းလွင်–ဒေါ်ဖြူဖြူအောင်တို့၏အစ်မ၊ ဦးဗိုလ်နီ–ဒေါ်သန်းသန်းဝင်း၊ ဦးလွင်မိုးဟိန်း၊ ဦးမျိုးခင်–ဒေါ်ယာဉ်မင်းလွင်တို့၏မိခင်ကြီးသည်၅–၇–၂၀၀၄ရက်တွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၇–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၇၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### မွန်ပြည်နယ်၊မော်လမြိုင်မြို့၊မင်းကင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်
## ဘဒ္ဒန္တ ဇဝန
### သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၄)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သိမ်ကုန်းရပ်၊ သိပ္ပံလမ်း၊ မင်းကင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် လဒ္ဓိပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တဇဝနမဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၃ ရက် (၂၉–၆–၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဉတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၅ ရက် (၁–၇–၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ဆင်ယင်ကျင်းပပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးအဖွဲ့၊မင်းကင်းကျောင်း၊မော်လမြိုင်မြို့။

## ဦးခင်မောင်
### (ဆိပ်ဖြူ၊ ဘိုကလေး)
### အသက်(၉၀)

ဘိုကလေးမြို့၊(၅)ရပ်ကွက်၊စိန်တလေးလမ်း၊ အမှတ် ၆ နေ(ဦးဖိုးထီ–ဒေါ်ချစ်)တို့၏သား၊ (ဒေါ်ဖွားသန်း)၏ခင်ပွန်း၊ ဦးသုစိတ္တ(ခ)ဦးသောင်းညွှန့်၊ ဦးမြသိန်း–ဒေါ်မေရီသန်း၊ မောင်ညွှန့်ဝေ၊ မောင်မြင့်ဝေ၊ မောင်မျိုးညွှန့်–မစန်းစန်းဝေတို့၏ဖခင်သည် ၅–၇–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ဘိုကလေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်လှတင် (မော်ကျွန်းမြို့)
### အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၇၊ အခန်း ၂ နေ (ဦးဘိုးရ–ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးကျော်မြ)၏ဇနီး၊ ဦးတင်မောင်(စစစ ဦးစီး၊ငြိမ်း)–ဒေါ်မြင့်မြင့်၊(ဦးအောင်စိုး)–ဒေါ်ခင်မျိုးတင့်၊ ဦးညွှန့်အောင်(မြန်မာ့မီးရထား)–ဒေါ်စိုး(မော်ဘီမြို့၊ ဆပ်သွားတောကျေးရွာ)တို့၏မိခင်၊ (ကိုသော်တင်ဦး)၊မသီဂီနိုင်၊ ကိုအောင်ထိန်လင်း၊ ကိုအောင်ကျော်စိုး၊ကိုငြိမ်း–မခင်မျိုးနွယ် (ဆသရ၊ မကွေး)၊ ကိုကျော်ဇင်ဦး–မအိပိုးဖြူ၊ ဗိုလ်ကြီးသန့်ထူးကျော် (ကော့ကရိတ်မြို့) – မမာလာအေး၊ ကိုအောင်မျိုးထွန်း – မသက်ထားလှိုင်၊ ကိုသက်ထွေး (ဦးစီးအရာရှိ၊ ရေအားလျှပ်စစ်)၊ ကိုအောင်ထွဋ်ကျော်တို့၏အဘွား၊ မြစ် ၁၀ ယောက်တို့၏ဘွားဘွားကြီးသည် ၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်စန်းဝင်း
### (ညောင်လေးပင်မြို့)
### အသက်(၅၈)နှစ်

ညောင်လေးပင်မြို့နေ (ကျောင်းအုပ်ဆရာကြီး ဦးလှ–ဒေါ်ပါ)တို့၏သမီးကြီး၊ မခင်လတ်ဦး(ခ)ချောစု (ရွှေသရဝဏ်ရှေ့ဆောင်ရေလုပ်ငန်းကုမ္ပဏီလီမိတက်)၊ မသန္တာခင်၊ မအိအိခိုင် (ရေပြာအေးကုမ္ပဏီလီမိတက်)တို့၏မိခင်၊ (ဦးခင်မောင်လတ်)၏ဇနီးသည် ၄–၇–၂၀၀၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၇–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အမှတ် ၂၃၊ ရတနာလမ်း၊ ဖျိုင်းရေအိုးစင် ရွာမရပ်ကွက်၊ တာမွေ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးမြင့်သိန်း
### (အိုးသည်ကုန်းမြို့)
### (မေတ္တာမိုး အုန်း၊ ငှက်ပျော၊ ဆန်ဆိုင်)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အမှတ် ၁၄၊ သစ်ယာလမ်းနေ (ဦးမောင်ကြယ်–ဒေါ်ဖွားရှင်)တို့၏သား၊ (ဦးထွန်းစိန်–ဒေါ်ဆိတ်)တို့၏သားသမက်၊ ဒေါ်ငွေကြည်(ခ)ဒေါ်တူး၏ခင်ပွန်း၊(ကိုတင်ဌေး)–မလှလှဝင်း၊ ကိုဇော်မင်းဦး–မနီလာဝင်း၊ ကိုဝင်းမြင့်–မစိမ်းစိမ်း၊ မောင်ဇော်ဝင်းထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၅–၇–၂၀၀၄ရက်တွင် ဗဟိုရိစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကျော်ညွန့် (ခရမ်း၊ပွဲရုံတန်း)
### အသက်(၈၇)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပွဲရုံတန်းနေ ဦးထွန်းရင်–ဒေါ်သဲရင်၊ ဦးဖိုးဆန်း–ဒေါ်ငွေမြင့်တို့၏သားသမက်၊ (ဦးအောင်စိုး၊ အထက–၂)–ဒေါ်လှလှဝင်း၊ ဦးသိန်းထိုက်–ဒေါ်ရီ၊ ဒေါ်အေးရီ (ကွဲကူး–ကျောက်ဖျာ တံတားစီမံကိန်း)တို့၏ဖခင်၊ ကိုကျော်ရဲထွဋ်(ကွဲကူး–ကျောက်ဖျာ တံတားစီမံကိန်း)၊ ကိုရဲမြင့်သူ၊ ကိုအောင်မျိုး၊ ကိုထက်အာကာကျော်တို့၏အဖေကြီး၊ (ဒေါ်ဝက်)၏ခင်ပွန်းသည် ၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက်တွင် ခရမ်းမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်စန်းရီ (မြိတ်)
### အသက်(၇၆)နှစ်

မြိတ်မြို့နေ (ဦးဘရှင်–ဒေါ်ဟန်)တို့၏သမီး၊(ဦးသင်–ဒေါ်ချစ်ဖွယ်)တို့၏သမီးချွေးမ၊ (ဦးလွန်းရွှေ)၏ဇနီး၊ ဦးထွန်းမြင့်–ဒေါ်မေကြည်၊ ဦးမျိုးမြင့်–ဒေါ်စိန်ရီ၊ ဦးသိန်းဝင်း–(ဒေါ်မေရီ)၊ ဦးအုန်းလွင်–ဒေါ်မေလီ၊ ဦးမျိုးတင့်–ဒေါ်ချို သိန်းရီ၊ ဦးမျိုးဆင့်–မကြူတို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်၊ အမှတ် ၄၃၈၊ ဘုမ္မာ ၈ လမ်း၊ (ည) ရပ်ကွက်နေ ဒေါ်စန်းရီသည် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မျက်မမြင်ကျောင်းကွင်း၌ ၅–၇–၂၀၀၄ရက် နံနက် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၇–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဦးမျိုးမြင့်–ဒေါ်မေကြည် မျက်မမြင်ကျောင်းဝင်းနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

### ရဟန်းဒါယိကာမကြီး
## ဒေါ်စိန်စိန်ရီ(ခ) ဒေါ်ခင်မမ
### (ဗန်းမော်မြို့)
### အသက်(၆၁)နှစ်

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက် (ဆရာဝန်ဦးကိုကြီး–ဒေါ်လှကြည်)တို့၏သမီးထွေး၊ တောင်တွင်းကြီးမြို့နေ (ဦးကောက်–ဒေါ်ခင်မေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၀၊အခန်း ၂၀နေ(ဗိုလ်မှူးခင်မောင်ထွေး၊ တပ်မတော်–လေ)၏ဇနီး၊ ဒေါ်ခင်ဥမ္မာထွေး၊ဦးဝဏ္ဏထွေး(အကောက်ခွန်)–ဒေါ်ခင်သီတာဌေး၊ ဒေါ်ခင်သဇင်ထွေး–ဦးမျိုးမင်းသန့်(အောင်ကျော်မင်း လျှပ်စစ်နှင့်စတိုး)၊ဒေါ်ခင်စန္ဒီထွေး–ဦးသိန်းလွင်(Thai Sawat Co.)တို့၏မိခင်၊ ရဲသူရမျိုးသန့်၊ အောင်မော်ဟိန်း၊ သက်ထက်အောင်မျိုးသန့်၊ စုလတ်ရတနာ၊ ရွှန်းလဲ့မေလွင်(ခ)ယုကီတို့၏ အဘွားသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆီးနှင့်ကျောက်ကပ်ဌာန၌၄–၇–၂၀၀၄ရက်နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၇–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမျိုးသန့် B.Sc (Math:)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဦးလူကလေးလမ်း၊ အမှတ် ၃၆ နေ (ဦးတင်–ဒေါ်သန်း)တို့၏သား၊ ဦးသောင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန၊ ငြိမ်း)–ဒေါ်ခင်မြသန်း(သတ္တုတွင်းဝန်ကြီးဌာန၊ ငြိမ်း)၊ ဦးလှထွေး(မြို့နယ်လျှပ်စစ်မှူး၊ ငြိမ်း)–ဒေါ်ခင်သစ်၊ ဒေါ်မြင့်မြင့်ဝင်း (အမက–၁၂၊ သာကေတ)၊ ဦးဝင်းမြင့်သန်း–(ဒေါ်စိုးစိုးဝင်း)တို့၏မောင်၊ တူ တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၅–၇–၂၀၀၄ရက် နံနက် ၇း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# ပြည်သူများ၏ကျန်းမာရေးအလေးထား၍ ဗဟိုအမျိုးသမီးဆေးရုံကြီးသီးခြားဆောက်ပေးခြင်းဖြစ် နိုင်ငံတော်၏ရေရှည်အနာဂတ်ခိုင်မြဲရေး တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဆောင်ရွက်ပေးနေ ရွေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူအားလုံး ကျရာကဏ္ဍကဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့၌ကျင်းပသည့် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး(မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ ရက်က မန္တလေးမြို့ရှိ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ **(အပေါ်ဆုံးပုံ)** နှင့် မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဆင့်မြင့်မြို့တော်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## လက်တွဲဝန်းရံ
## အမျိုးသားညီလာခံ

# အလင်းရောင်၌ အေသင်သားတို့ ယူရိုဖလားကိုင်မြှောက် တစ်ဟုန်ထိုးလာသည့်ဂရိကို ပေါ်တူဂီ ရှုံးကြေးမဆပ်နိုင်ခဲ့

အိမ်ရှင် ပေါ်တူဂီကို အနိုင်ရရှိပြီး ဖိုလ်စွဲသွားသော ဂရိအသင်းသားများ ဆုဖလားနှင့်အတူ ဤသို့ အောင်ပွဲခံပျော်မြူးခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

## သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇူလိုင် ၅

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) နောက်ဆုံးဖိုလ်လုပွဲကို ယနေ့မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅ မိနစ်တွင် ပေါ်တူဂီနိုင်ငံ ဘင်ဖီကာမြို့ရှိ စပို့တင်းလစ္စဘွန်းနှင့် ဘင်ဖီကာကလပ်တို့ ပူးတွဲပိုင်ဆိုင်သော Stadium of Light ဟု အမည်ရသည့် Estadio da Luz ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂရိအသင်းက အိမ်ရှင်ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဖိုလ်စွဲသွားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●